mgyoe.com
SAMPLE BOOK

ဆဒ္ဒန်ဆင်မင်းသခင်
ဘဝရှင်မင်းတရားကြီးလက်ထက်
နေမျိုးလေခပျံချီဘွဲ့ရ အမတ်လိမ္မာ မောင်နိုး၏
'အယူတော်မင်္ဂလာ' အမည်ခံ

# အယူတော်မင်္ဂလာ လျှောက်ထုံး

## ကဝိသာရမဉ္ဇူသာကျမ်း

မြန်မာပညာရှိ ဦးအောင် ပြုစုသည်။

mgyoe.com

အဋ္ဌမအကြိမ်

mgyoe.com SAMPLE BOOK


ပန်းရွှေပြည် စာအုပ်တိုက်

၀၉၅၁၈၁၇၁၅

၀၉၅၁၄၅၇၂၈

၀၉၇၉၃၇၉၀၉၅၈





mgyoe.com

mgyoe.com
SAMPLE BOOK

•

**တန်ဖိုး**

၃၅၀၀ ကျပ်

•

**အုပ်ရေ**

၅၀၀ အုပ်

•

**အကြိမ်**

အဌမအကြိမ်

•

**ထုတ်ဝေသည့်အချိန်**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ

•

**ထုတ်ဝေသူ**

ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

•

**ပုံနှိပ်သူ**

ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press
အမှတ် ၂၆၊ ၉၇ လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

•

**စာအုပ်ချုပ်**

မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

ဆဒ္ဒန်ဆင်ဖင်းသခင်
ဘဝရှင်မင်းတရားကြီးလက်ထက်
နေမျိုးလေခပုံချီဘွဲ့ရ အမတ်လိမ္မာမောင်နိုး၏
'အယူတော်မင်္ဂလာ' အမည်ခံ

# အယူတော်မင်္ဂလာလျှောက်ထုံး ကဝိသာရမဉ္ဇူသာကျမ်း

မြန်မာပညာရှိ ဦးအောင် ပြုစုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

- မောင်စိန်တင်(သိပ္ပံမောင်ဝ)
- ဒေါက်တာထွန်းတင့်
- ဓာလှ
- မောင်ခင်မင် (ဓနုဖြူ) တို့၏ နိဒါန်းစာများ ပါသည်။

- ပါဠိ၊ သက္ကတစကားလုံးများကို
  အတတ်နိုင်ဆုံး ပယ်ပြီး စုဆောင်းထားသည့်
  ဝေါဟာရစကားလုံးပေါင်း ၆၀၀၀ ကျော်ပါသည့် အဘိဓာန်။

မြန်မာပေါ်ရာဇာကထာအဘိဓာန်

# မြန်မာရှေးသုံးစကားအဘိဓာန်

ကိုရွှေသိမ်းမင်း စုစည်းစီစစ်ခင်းကျင်းသည်။

တန်ဖိုး- ၂ သောင်းကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | | |
|---|---|---|---|
| * | နိဒါန်း | ... | ၇ |
| * | ရတနတ္တယပဏာမ | ... | ၉ |
| * | အယူတော်မင်္ဂလာ အတ္ထုပ္ပတ္တိ | ... | ၁၇ |
| * | ၄င်းကျမ်းကို ကြည့်ရှုဖတ်နာသူတို့ အထူးသတိပြုရန် အချက်ကား | ... | ၄၀ |
| ၁- | မှုဆိုး ဆတ်သား စားလတ္တံ့။ | ... | ၄၃ |
| ၂- | မိုးတားစားဝန်ကြီးရာနုတ် စနည်း | ... | ၅၄ |
| ၃- | တရုတ်တို့နှင့် စကားစစ် | ... | ၅၈ |
| ၄- | အင်္ဂလိပ်တို့ ရန်စပုံ | ... | ၆၂ |
| ၅- | သာသနာပိုင်ဟောင်းကို နှင်ထုတ်ခန်း | ... | ၆၄ |
| ၆- | နန်းစဉ်အမိန့်တော်ပြန်တမ်း | ... | ၇၇ |
| ၇- | သာသနာပြုခန့်ရန် တဘောင် | ... | ၇၉ |
| ၈- | အင်္ဂလိပ်တို့ မြေတောင်းလာပုံ | ... | ၉၀ |
| ၉- | မင်းကွန်းပုထိုးတော်ကြီး ဌာပနာခန်း | ... | ၉၂ |
| ၁၀- | ဖရဲသီးကို တင်လျှောက်ပုံ | ... | ၉၈ |
| ၁၁- | မိတ္ထီလာကန်တွင် တင်လျှောက်ပုံ | ... | ၁၀၀ |
| ၁၂- | ယိုးဒယားသို့ ချီတက်ခြင်း | ... | ၁၁၄ |
| ၁၃- | ပဒုမ္မာရွှေကြာ တဘောင် | ... | ၁၂၉ |
| ၁၄- | မင်းတရားကြီးအိပ်မက် | ... | ၁၃၄ |




mgyoe.com

mgyoe.com SAMPLE BOOK

၁၅– ဆဒ္ဒန်ဆင်မင်းကို ရသောအခန်း ... ၁၃၉
၁၆– လင်းတနား နိမိတ်ကောက်ပုံ ... ၁၅၈
၁၇– စကြာမင်းကလေးအတွက် အိပ်မက် ... ၁၆၃
၁၈– မင်းတရားကြီးကြားခဲ့သော တဘောင် ... ၁၇၅
၁၉– ပုဏ္ဏာရူး နိမိတ်ကို ဖတ်လျှောက်ပုံ ... ၁၇၉
၂၀– နိမိတ်တံခွန် စကား ၃ မျိုး ... ၁၈၃
၂၁– နားထွင်းမင်္ဂလာတဘောင် ... ၁၈၅
၂၂– အိမ်ရှေ့နှင်းရန်တဘောင် ... ၁၉၃
၂၃– မင်းတရားကြီး မအီမသာဖြစ်ခြင်း ... ၂၀၇
၂၄– အယူတော်မင်္ဂလာ မကျန်းမာစဉ် ... ၂၁၁
၂၅– ဘဝရှင်မင်းတရား နတ်ရွာစံခြင်း ... ၂၁၈
* နိဂုံး ... ၂၂၀



mgyoe.com

m·gyoe·com SAMPLE BOOK

# နိဒါန်း

နရာသမ္မိန် တအာပဟိန်ပဟု ကွာပိန်ဒီပရာဇ် ဖြစ်ကြီးဖြစ်ဂေ ထွန်းသစ်ကပ္ပဒွိ မှို့ပေါင်းချိလျက် မဟိမဏ္ဍလ အယုရှုကဲ့သို့ အမရပူရ ပထမမြို့နန်း ဖန်ဆင်းတော်မူသော ဆဒ္ဒန်ဆင်မင်းသခင် ဘုရင်ဘိုးတော်မင်းတရားကြီး လက်ထက်၊ ခဲခက်ခြင်းရာ ပညာနှိုင်းတွေး သိနိုင်ဝေးသော မင်းရေးမင်းခန်း မြို့နန်းပြည်မှူ ပေါ်ပေါက်ပြုသည့် အစုစုသော တဘောင်,စနည်း တို့ကို အံ့ချီးမကုန် လုံးစုံမကျန် မှန်ကန်မယို ကောက်ယူဆိုလျက်၊ ထိုထိုသော တိတ်,နိမိတ်တို့၌ ဒိဋ္ဌမျက်မြင်ကဲ့သို့ လျှောက်တင်ခြင်းငှာစွမ်းနိုင်သော ဒီပဲယင်းမြို့ စီရင်စု ကိုးသန်းနယ်အဝင်အပါ ကြခတ်ရွာလျှင် ဖွားရာဇာတိ ဖြစ်သော အသည်ဝန်ကြီး မင်းကြီး မဟာနန္ဒကျော်ထင်၏နှမ အမိ မမင်းလှ, အဖ ဦးရွှေညို တို့၏သား သက္ကရာဇ် ၁၁၂၄ ခု ဥတုဂိမှန္တ ဇေဋ္ဌမေထုန် နယုန်လပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့ နံနက် ၁ ချက်တီးကျော်အချိန် ဖွားသောသူသည် ငယ်မည်'မောင်နိုး' ဉာဏ်မျိုးပဒေသာ ပွင့်မြူးပါသဖြင့် မဟာဓမ္မရာဇ်မင်းတရားကြီး၏ ထံပါးတော်မြတ်ဝယ် ထက်ကြပ်မကွာ ခစားရာတွင် ရွှေဗျာလှစ်ကြူ မေးတော်မူသမျှကိုပင် ဂနသေချာ ကောက်ခါမြော်မြင် လျှောက်ဆိုတင်နိုင်သောကြောင့် ဘဝရှင်မင်းတရားကြီးက

"ထိုအမှာတော်ရေး ငနိုး တင်သမျှကိုပင် ငါ အယူတော်ရှိသည်။ ယနေ့ကမှစ၍ ၄င်း ငနိုးကို အမှာတော်ရေးအရာမှ နုတ်၍ 'အယူတော် မင်္ဂလာ'ဟူသော သညာနိမိတ် ဘွဲ့တံဆိပ်ဖြင့် ခတ်နှိပ်မချို့ ဆားတောင် မြို့စား ပေးသနားတော် မူရမည်။"ဟု အမိန့်တော်မြတ် မှတ်တော်မူ၍ ချီးမြှင့်သူကောင်း ပြုတော်မူသတည်း။

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့ မင်းတရား မြောက်စားသမှု ချီးမြှင့်သူကောင်း ပြုတော်မူခြင်းကို ခံရသော ပညာရှိမြတ် ထိုအမတ်သည် အတတ်မှန်စွာ လျှောက်တင်ရာ ဖြစ်သော စကား ဟူသမျှသည် ပျောက်ကွယ်တိမ်ငုပ် နစ်မြုပ်၍နေသည်ကို ရာဟုခံတွင်းမှ ထွန်းလင်းပေါ်ထွက်သော နေစကြာ လရထားကဲ့သို့ ထင်ရှားစွာဖော်ပြ၍ သားစဉ်မြေးဆက် မပျက်နှောင်လာ အဖြာဖြာသော တဘောင်, စနည်းတို့အား သိပ်သည်းစေ့ငှ မှတ်သားနည်းယူကြစေခြင်း အကျိုးငှာ လည်းကောင်း။

အယူတော်မင်္ဂလာ၏ ဇာတိပဘဝ အတ္တုပ္ပတ္တိပြ စာတမ်းနှင့်တကွ ပထမတင်ချက်ကစ၍ နုပ်ဖွဲ့သေးသိမ်သည်ကိုပယ် မှတ်သားလောက်သည်ကိုသာ အရင်းတည်၍ လည်းကောင်း။

'အယူတော်မင်္ဂလာ' အမည်ရှိသော အမတ် ဘဝလွန်သည်တိုင်အောင် တင်ဆိုဟန်တို့ကို ထီးလှိုင်မြို့စား အကြီးဝန်ကြီး သတိုးမင်းကြီး မင်းလှ မဟာဥစ္စနာ၏သား ဗဟုဿုတ သုတပွားလူး ဉာဏ်ရည်မြူးကဝိ သညာရှိ 'ဦးအောင်'သည် နောင်လာနောက်သား မျိုး ၄ ပါးတို့အား ကိန်းခန်း ပရိယာယ် မင်းဖွယ်စိုးရာ နန်းသိုက်စာတော်ကြီး သုံးဖြစ်သောအရေးကို မျှော်တွေးဖွေရှာ လိမ္မာတတ်ကျွမ်း ရှိတော်မူစေရန် ရည်သန်၍၊ သံတော်ဆင့်, သံတော်ခံ, ရွှေနားခံ, နေ့စဉ်မှတ် စသော အတွင်းတော်မြဲအမတ်တို့သည် ပုရပိုက်ဖြူ မူတော်ဖြစ် နန်းစဉ်သုံး တင်စဉ်စာတမ်း ပြုလုပ်ရေးကူးထားရသော 'အယူတော်မင်္ဂလာလျှောက်ထုံး'ဖြစ်သော 'ကဝိသာရမဉ္ဇူသာကျမ်း' ကို အဆန်းတကြယ် ပန်းနှယ်ကုံးသီ ရုံးခြယ်စီပြီးလျှင် ကပ္ပဋ္ဌိသော်တာပုံကဲ့သို့ ကျွန်ုပ်တို့ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်ကြီးက ပဌမအကြိမ် စာအုပ်ရေ ၆၀၀၀* ရိုက်နှိပ်လိုက်ပါသတည်း။

---

* ပဌမအကြိမ်ကိုပင် စာအုပ်ရေ ၆၀၀၀ ရိုက်နှိပ်ရသောကာလမှာ ၁၉၅၉ ခုနှစ် ဖြစ်သည်။ မြန်မာနိုင်ငံ လူဦးရေ သန်း ၂၀ ပင် မပြည့်တတ်သေး။ တန်ဖိုးငွေက ၃ကျပ်၅၀ပြား ဖြစ်သည်။ 'ရိုဇစ္စရိမ္မပိုင် စာအုပ်ရှင် ကေနာဝမ္မီရာ-သား မောင်အိဿာ'ဟုပင် မျက်နှာဖုံး၌ ဖော်ပြလိုက်သေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ရတနတ္တယပဏာမ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

လောကာလောကကရံဗုဒ္ဓံ၊ ဓမ္မဉ္စ ဗုဒ္ဓသေဝိတံ။
သီရသာဋ္ဌာရိယာသံဃံ၊ ဝန္ဒေ ကိလေသ ဝိဂ္ဂတံ။ ။

နိဿာယ ပဗ္ဗဇ္ဇတ္တံယံ၊ သမ္ဗတ္တော ပဋ္ဌုတဉ္စယံ။
စေတသာ တေဓိပေမေန၊ ဝန္ဒေအာစေရ မုတ္တမေ။ ။

အဘိပညာနုမန္တေန၊ အမစ္စေနာဘိရောစိတံ။
ဆဒ္ဒန္တသာမိနောကာလေ၊ ပဗန္ဓမယပါကဋံ။ ။

တမဟံပါကဋတ္ထာယ၊ အမစ္စေဟိ ဘိယာစိတော။
အတ္ထာယပါဋ္ဌဝတ္တိနံ၊ တဉ္စပဋိစ္စယာစိတံ။ ။

ပထျာဝတ္တဂါထာ

ကထာသာရေနု ကဝိနံ၊ သမာပုဏ္ဏမာချာယိတံ။
ကဿံသုဘာသိနာမေန၊ ကဝိနံသာရမဉ္ဇူသံ။ ။

ဝိဂီလဝိပုလာဂါထာ

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com
SAMPLE BOOK

ဤ၌ ပထမဂါထာမူကား-

- အလင်္ကာနည်းအားဖြင့် ပဒဒေါသ, ဝါကျဒေါသ, ဝါကျတ္တဒေါသမျိုးတို့မှ လွန်မြောက်၍ 'သိလွယ်သောအနက်ရှိခြင်း' ဟူသော အတ္ထာဗျတ္တိဂုဏ်[၁]
- ဓနိတအက္ခရာ အနည်းငယ်မျှသာပါစေ၍ သိထိလအက္ခရာဖြင့်သာ ဖွဲ့စီရင်ခြင်း ဟူသော သုခုမာလတာဂုဏ်[၂]
- ရှေ့နောက် လိုက်လျောခြင်းဟူသော သြစိတျ[၃]ဂုဏ်၊
- သမာသ်[၄]များသဖြင့် သဒ္ဒါကိုချုံးခြင်း ဟူသော သဒ္ဒသြဇဂုဏ် စသည်တို့နှင့် ပြည့်စုံစေသည်ဖြစ်၍၊ -ဆန်းနည်းအားဖြင့် အဋ္ဌက္ခရပဒ, ဝိသမပါဒ, ပထမပါဒ၌ အစအက္ခရာ ၄ လုံးနောင် ယဂိုဏ်း, တတိယပါဒ၌ သဂိုဏ်း, သမပါဒ အစ ၄ လုံးနောင် ဇဂိုဏ်းတို့ဖြင့် မှတ်၍ဖွဲ့အပ်သော တတိယ သကာရဝိပုလာဂါထာ ပင်တည်း။ နောက်ဂါထာစု၌လည်း ဤနည်းနှင့် ပြည့်စုံလုံလောက်ကြသည်ချည်းတည်း။

အဟံ၊ ထီးလိုင်မြို့စား-တရားကျော့ပွန် ဂုဏ်ရည်မွန်ဖြင့် တံခွန်ပမာ ရောင်ဝါတောက်ဖြိုး ဣန္ဒိမျိုးကြောင့် 'သတိုးမင်းကြီး မင်းလှမဟာဥစ္စနာ' ဟု သညာစိုးအုပ် ကမွည်းထုတ်သော အကြီးတော်ချုပ်ဝန်ကြီး၏သား ထင်ရှားလှစွာ မောင်အောင် ငါသည်။

တစ်နည်းကား-

အဟံ၊ ဘေးဘိုးဘွားမှ ဖလက်ထက်တိုင် မယိုင်မယိမ်း တိမ်းစောင်းမရှိ ကဝိမျိုးရိုး သတိုးဘွဲ့ရ ၄ ဆက်ကျအောင် အဂ္ဂမဟာ သေနာပတိ ဖြစ်တုံဘိ၍ ငါ၏မိခင် ငါ့ကိုပင်လျှင် ဖွားမြင်တုံလျှင်း ဖွားမြောက်ခြင်းတွင် ရွှေတိုက်တော်တွင်း ရွှေစာရင်းဖြင့် တင်သွင်းဆက်သရသော ငါသည်။

ဤအနက် ၂ ပါးကား စာတိဂုဏတ္တတည်း။

---

၁- ပထျ = အလိုရှိရာသော အကျိုးစီးပွား။ ၂- သုခုမာလတာ = နူးညံ့သိမ်မွေ့သည်၏ အဖြစ်။
၃- သြစိတျ = အနက်အဓိပ္ပာယ် ရှေ့နောက် ညီညွတ်ခြင်း။
၄- သမာသ် = အကျဉ်း ရုံးခြင်း။

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်နည်းကား–

အဟံ၊ လောကီ လောကုတ်၊ မယုတ်စေမှု မြော်မြင်ရှုလျက် စတုပါရိ သုဒ္ဓိသီလံ မြတ်ဓမ္မကွန်ဖြင့် တစ်ရံမလင့် အားစွမ်းဖွင့်၍ ကျင့်ဆောင်ရည်ညွှန် စူရ[၁]ဝန်ကို အားသွန်ပြီးခါ နေထိုင်ပါသော ဣန္ဒာစရိယ နာမတွင်ဆန်း ငါရဟန်းသည်။ ဤအနက်ကား ပုညတ္ထဝုဏ်တည်း။

တစ်နည်းကား–

အဟံ၊ ရုပ်,နာမ် ၂ စုံ ပေါင်းဆုံကြရာ ဤခန္ဓာ၌ အကာအတိ နှစ်မရှိသဖြင့် ယိုးယိလူးလဲ မစဲအာသဝ မောဟာအဝိဇ္ဇာ ပိတ်ဆည်းကာလျက် ခေါ်ရာအတ္တ ဘယ်မရအောင် ဒွတ္တိသမျိုး လွန်ပုပ်သိုးသည့် ဘင်အိုးပမာ ရဟန်းငါသည်။ ဤအနက်ကား 'ဝိပဿနတ္တ'တည်း။ 'ကာယဝိဆိန္န နိယတ္တလည်း မည်၏။

လောကာလောက ကရံ၊ စံရှားထွက်ပြူ တူသူမရှိ ဝိသုဒ္ဓိနတ်စစ် ဓမ္မရာဇ်ဘုန်းခေါင် ဉာဏ်တော်ရောင်အနန္တ,ကိုယ်တော်ရောင်ဆဗ္ဗဏ္ဏရ[၂]နှင့် 'ကာမ,ရုပ, အရူပ'ဟု လောက ၃ ဆိုင် ၃ ခရိုင်ဝယ် ဖြိုင်ဖြိုင်ထင်းထင်း ပြိုင်ဖက်ကင်းအောင် အလင်းကိုပြုတော်မူပေသော ဗုဒ္ဓဋ္ဌ၊ ၄ ပါးသစ္စာ ၅ ဖြာဉေယျ မြတ်ဓမ္မကို တစ်စမကျန် မှန်ကန်သိပြား မြတ်ဘုရားကို လည်းကောင်း။ ဗုဒ္ဓသေဝိတံ၊ ၃ လူ့မြတ်စွာ သမ္ဗုဒ္ဓါလျှင် ဂေါစရာသေဝန ဘာဝနာသေဝန အစွမ်းအားဖြင့် မှီဝဲတော်မူအပ်ထသော။ ဓမ္မဋ္ဌ၊ မဂ် ၄ တန်, ဖိုလ် ၄ တန် နိဗ္ဗာန်ပရိယတ် ဆတ်ဆတ်ထင်ပေါ် တရားတော်မြတ်ကို လည်းကောင်း။ ကိလေသဝိဂ္ဂတံ၊ ၁၀ ပါးမှပွား အပြား ၁၅၀၀ ရှိချေပါသော ကိလေသာညွှတ်ကွင်း ဝဋ်အတွင်းက လွတ်ကင်းတော်မူသော။ အဋ္ဌာရိယသံဃဋ္ဌ၊ မဂ္ဂဋ္ဌာန်ဖလ ၈ တန်အကျော် အရိယာသံဃာတော် အရှင်မြတ်တို့ကို လည်းကောင်း။

---

၁– စူရ = ဝေးကွာသည်။

၂– ဆဗ္ဗဏ္ဏရ = ၆ သွယ်သော ရောင်ခြည်တော်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤ'အဠာရိယ'ဟူသောပါဠ်၌ ဆန်းစောင့်ခြင်း အကျိုးငှာ 'အာဠာရိယံ'ဟု ယထက် နိဂ္ဂဟိတ် လာသည်။ အနက်ပေးသောအခါ 'အဠာရိယ'ဟု ပြင်၍ ပေးသည်။ ။ သိရသာ၊ ဦးထိပ်တင်ကာ လက်သည်း ကြာဖြင့်။ ဝန္ဒေ၊ ဂုဏ်တော်ပေါင်းအား ညွတ်ပျောင်းရိုကျိုး ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဤ၌ 'ဝန္ဒိတွာ'ဟူသော ပါဠ်ကို ထည့်ပါလေ။ ထည့်ခြင်းကြောင့် ဆန်းနည်း၌ လည်းကောင်း၊ အလင်္ကာနည်း၌ လည်းကောင်း ဝါကျဒေါသ မဖြစ်သည့်ပြင် ဩဇဂုဏ်မကဂုဏ် ဖြစ်လေသေး၏။-ဟု မှတ်ကုန်ရာသည်။

ယံ၊ အကြင် သီလဝန်,ဂုဏဝန် ထေရ်မွန်ဇာနည် သာကီယဇာတ် ပိဋကတ္တယကောဝိဒ သဒ္ဒတ္ထပါရဂူ စင်ဖြူညစ်ကြေး ပုံ့မွေးဝေဒလ်ခိုရ် ဝိနယ,ဝိဘင်္ဂ ပဋ္ဌမကြိုက်ဆောင် မာန်စောင်ပယ်ခွာ ဧကစာသခင် အတ္တ ဘာဝ သမူဟကို လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်သို့ ပြန်လှန်ကာတင်ပြီး လျှင် အရည်ကင်ခလေ့ တောဌ်မွေ့လျက် ပြကတေ့အာရုံ ဈာန်အဟုန်ဖြင့် ကာမဂုဏ်ကို ပယ်ဖျက်တော်မူလေ့ရှိသော အလုံမြို့အရှေ့ဘက်တိုက် မှတ်ပိုက်မင်းတာ ၂ ယူဇနာမှ သချာမပို လိုသည်မရှိ တည့်တည့်ပြည့်ရာ အကဲဖြာသား 'မလဲသာ'မည်သီး ထိုရွာကြီးကို ကပ်မှီးပျော်စံပါသော 'ဝိစိတ္တရာဘိလင်္ကာရ ကဝိဓဇဓမ္မသေနာပတိ အတုလဓိပတိ တိပိဋက ဓရ သဒ္ဓမ္မပါလ မဟာဓမ္မရာဇာဓိရာဇဂုရု' သွန်းထုခတ်နှိပ် တံဆိပ်မင်းစံ အလှူတော်ကိုခံရသော ဥပဇ္ဈာယ် 'သံဘိုတောရဆရာတော်မြတ်ကြီး'ကို နိဿာယစ အမှီတကဲ သပဟဲပြု၍ လည်းကောင်း။ ပဗ္ဗဇ္ဇတ္တံ၊ ပဗ္ဗဇ္ဇုဂမန် ဘိသိက် သွန်းဖိတ်ပြီးအဖြစ်သို့။ ဝါ၊ အိမ်ရာမပိုဒ် ကျိန်စာတိုက်၍ သိမ်ရွာ၌ တစ်ဆင့်ထပ်ပြီးလျှင် မြင့်မြတ်သောရဟန်းအဖြစ်သို့။

တစ်နည်းကား-

ယံ၊ အကြင် ဒုတိယာစရိယ ဝစ္စဝါစက ဋီကာသခင် 'အရှင်နန္ဒိယာ ဘိဓဇ' နာမတုလွန် ပုဇ္ဇန်တောင်ရေကျော် 'ဘုရားဖြူတိုက်အုပ်ဆရာတော် မြတ်ကြီး'ကို။


mgyoe.com

mgyoe.com
SAMPLE BOOK

တစ်နည်းကား-

ယံ၊ ဓမ္မာစရိယ 'နာဂိန္ဒာဘိ သိရီပဝရသဒ္ဓမ္မပါလ မဟာဓမ္မရာဇာဓိရာဇဂုရု' သွန်းထုခတ်နှိပ် တံဆိပ်တော်ရ 'အရှင်အဘိဓမ္မတ္ထ သင်္ဂဟ မဓု' ကျမ်းပြုသခင် အကြင် 'မိုးကောင်းဆရာတော်မြတ်ကြီး' ကို။

တစ်နည်းကား-

'ယံ၊ သုဇာတာဘိလင်္ကာရကဝိဓဇ' ဘွဲ့ထူးသ သဖြင့် တိပိဋကဓရ သဒ္ဓတ္တ ပါရဂူ ဇမ္ဗူကျော်သည်း ကမ္ဘည်းထူစိုက် ပွဲတင်လိုက်မှု တိုင်းကြိုက်သခင် အမည်ထင်သော အကြင် 'ဦးရန်ကုန်ဆရာတော် အရှင်မြတ်ကြီး' ကို။

တစ်နည်းကား-

ယံ၊ သဒ္ဒနယ အတ္တနယ ဝဏ်ဥဇု နယပဒေ အထွေထွေဖြင့် မသွေနေ့ည သင်ပို့ချတော်မူပေသော 'သုနန္ဒာဘိလင်္ကာရ' ဘွဲ့ထူးသ-သဖြင့် ဂဏဝါစကအကျော် အကြင် 'ကိုးဆောင်ဆရာတော် အရှင်မြတ်' ကို။

တစ်နည်းကား-

ယံ၊ စတုဒိသာ အဋ္ဌဒိသာမှ လာလာသမျှသော သောတုဇနတို့ကို ယုယခံ့မင် ပညာရင်နို့ သောက်စို့စေဌာ သဒ္ဒါကလာပ် ဆန်းနည်းထပ်လျက် ဗြိုဟဒ်,ဗျာကရုဏ်း ပေါင်းရုံးဘိဓမ္မာ ဝိနယာကို မချာနေ့ည သင်ပို့ချတော်မူပေသော ဝဇီရာရာမိက ဂဏတမ်းခွန် သီလဝန် ဂုဏဝါ 'ဣန္ဒကာဘိဓဇ' နာမပုံ့ကျော် အကြင်'စမ်းကျဆရာတော် အရှင်မြတ်ကြီး' ကို။

နိဿာယစ၊ အမှီတံကဲ သဟဲပြု၍လည်းကောင်း။ ပဋ္ဌုတံ၊ ထိုးထွင်းထက်မြက် သိခက်ခြင်းရာ အဖြာဖြာကို လိမ္မာသည်၏အဖြစ်သို့။ သမ္ပတ္တော၊ ကောင်းစွာရောက်ရပါပေ၏။

တေ အာစေရ မုတ္တမေ၊ ထို ဥပဇ္ဈာစရိယအကျော် ဓမ္မာစရိယဆရာတော် အရှင်မြတ်တို့ကို။ အဝိပေမေန၊ အနန္တဂိုဏ်း နက်ရှိုင်းကျေးဇူး အထူးဂုဏ်ပေါင်း အောက်မေ့တည်တည် မနောရည်လျက် အလွန်ချစ်ကြည်လေးမြတ်သော။


mgyoe.com

mgyoe.com
SAMPLE BOOK

စေတသာ၊ လော,ဒေါ,မောချုပ် သဘောထုတ်၍ ဓောယုတ်ပယ်နှိပ် ပညီခြွေ အလို သမ္မာအမှုခိုလှေ့ရှိသော မဟာကုသိုလ်စိတ်ဖြင့်။ ဝန္ဒေ၊ ဂုဏ်တော် ပေါင်းအား ညွှတ်ပျောင်းရိုကျိုး ရှိခိုးပါ၏။ ဝန္ဒိတွာ ရှိခိုးပြီး၍။

ဆဒ္ဒန္တသာမိနော– အမရပူရ၊ ပထမထီးစိုက် မကိုဋ်ညွှန့်လူ တစ်ဆူနေမျိုး တန်ခိုးပယ်လျှံ ဆဒ္ဒန်သခင် ဘုရင်ဘိုးတော်မင်းတရားကြီး၏။ ကာလေ၊ မကိုဋ်သရဖူ ဆောင်းတော်မူလျက် ၁၀ ဆူဓမ္မ ယုယထိန်းသိမ်း အောင်ကိန်း မုဒ္ဒါ သွန်းဖျန်းခါမှ နေ့ကစ၍ အသောကမင်းကောင်း ဘေးလောင်းတော် ပမာ ပြုစုပါသဖြင့် သာသနာရောင် ရာထောင်နေမင်း ပြိုင်ဖက်ကင်းအောင် ထွန်းလင်းတောက်ပသော လက်ထက်တော်၌။ အဘိပညာဏ မန္တေန၊ ဉာဏရောင်ဝှန် အလွန်ထင်ရှား တံခွန်လွှားအောင် ထူးခြားပုံကြိုင် သတင်း လှိုင်သည့် မင်းတိုင်ပင်ပညာရှိကြီး ဖြစ်သော။

တစ်နည်းကား–

အဘိပညာဏမန္တေန၊ ဟံသာဝတီ ရွှေပြည်သခင် ဆင်ဖြူ ရှင်သား ဗညားရန်စူး တိဂုံမှူး၏ ထံဦးတော်ပါး မြဲခစားလျက် ထင်ရှားသညီ သတင်းချီသည့် 'သခင် မင်းကံစီ'အမည်ရှိသော အမတ်ကဲ့သို့ သိတတ်ရဲ ရောင် တဘောင်,စနည်း ခရီးစွမ်းရောက် ထင်တိုင်းပေါက်သဖြင့် 'ငမောက်' မည်သီး မင်းတိုင်ပင်ပညာရှိကြီး ဖြစ်သော။ အမစ္စေန၊ တိတ်,နိမိတ်က စသည်ကုန်အောင် တဘောင်,စနည်း အသီးသီး၌ ခရီးမိုမောက် ထင်တိုင်း ရောက်သဖြင့် ကောက်နုတ်ချက်အရာ လွှန်လိမ္မာသမို့ ကဝိန္ဒာအမော် ဇမ္ဗူတွင်အကျော်ရသည့် 'အယူတော်မင်္ဂလာ' အမည်ရှိသော အမတ်သည်။

အဘိ ရောစိထံ၊ ရွှေမောက်သေဇ္ဇနင်း မင်းတို့ထွတ်ထား နားတော်ကြား အောင် လျှောက်ထားတင်ဆက်အပ်သော။ အပါကဋ္ဌံ၊ ယခုခေတ်တွင် မထင် တိမ်မြုပ် ကွယ်ငုပ်၍နေသော။ ယံပဗန္ဓံ၊ အကြင် စကားဟောင်းအစဉ်သည်။ အတ္ထိ၊ မပေါ်မလွင် ရောဘူး၌နစ် ဖြစ်သည့်ပုံနေ ရှိတုံချေ၏။


mgyoe.com

mgyoe.com
SAMPLE BOOK

တံ၊ ထိုစကားဟောင်းအစဉ်ကို။ ပါကဋ္ဌတ္တာယ၊ အသူရိန်လက်မှ လွတ်ထွက်ပေါ်လာ ရဝိန္ဒုပမာကဲ့သို့ ထင်ရှားစိမ့်သောငှာ။ အမစ္စေဟိ၊ သုဝဏ္ဏာဘုမ္မိ မည်ရှိတဝ သုဓမ္မပူရီ သညီမချို့ သထုံမြို့ခရိုင်တွင် ပွံ့လှိုင် သတင်း အာဏာလင်းသော နယ်ပိုင်ဝန်ထောက်မင်း 'ဦးပန်းသာ' တစ်ဖြာ ထို့နောက် ထွန်းတောက်သိရ်ဂုဏ် ဖိမ့်ဖိမ့်တုန်မျှ 'ဘုမ္မဇေယ'ဘွဲ့နာမနှင့် 'နဂရုတ္တရဇ္ဈတိက္ခမန္တီ' တွင် ၂ မည်ကြောင့် သညီတော် ချို့မယွင်းသော ကော့ကုတို့ မြို့သူကြီး ဦးသွယ် အစရှိသောအမတ်တို့သည်။ မံ၊ ငါ့ကို။ ယာသွာ။ အကြင့်ကြောင့်။ အဘိယာစိတော၊ အလွန်ရှိသေစွာ အခါခါ အထပ်ထပ် တောင်းပန်လျှောက်ထား အပ်လေပြီ။

တသွာ၊ ထို့ကြောင့်။ ပါဋ္ဌဝတ္တိနံ၊ တိုင်းရေးပြည်မှု စုစုမင်းခန်း ရွှေနန်း ဖွယ်ရာ အဖြာဖြာကို လိမ္မာလိုကုန်သူတို့၏။ အတ္တာယ၊ လောကီခမ်းနား ဆန်းအပြားကို အပါးဝကြစေခြင်း အကျိုးငှာ။ တဋ္ဌယာစိတံ၊ ထိုအမတ် ၂ ပါး လျှောက်ထားတောင်းပန်အပ်သော စကားကို။ ပဋိစ္စ၊ စွဲပြီးတုံရှောင်း ၄င်းအမှု အကြောင်းပြု၍။ ကဝိနံ၊ ပညာရှိတို့၏။

ကထာသာရေနေ၊ မရှိအကာ မဟာအဖေဂ္ဂ စကားတည်းဟူသော အနှစ်စု အနှစ်မြတ်ဖြင့်။ သမာပုဏ္ဏံ၊ ဗလဝါမုက္ခ ဩဃလွှမ်းမိုး ဒီရေတိုးသကဲ့သို့ ကောင်းစွာ ပြည့်ဖြိုးမောက်လျှမ်းသော။ ဝါ၊ အလွန်ပြည့်လျှမ်းသော။ အာချာ ယိတံ၊ အကြီးအမှူး ထူးကဲသူတို့သည် ကောင်းစွာကြားအပ်သော။ ဝါ၊ အကြီးအမှူး ဂုဏ်ထူးသူတို့အထံမှ နည်းခံ၍ရအပ်သော။ ဝါ၊ သက်ကြီးစကား သက်ငယ်ကြားဖြင့် မှတ်သားလေ့လာ၍ရအပ်သော။ သုတံ၊ ရွှေနန်း ကျက်သရေ ရွှေပြည်ဖွယ်ရာ စဉ်လာမများ စကားသွယ်သွယ် လွန်တင့်တယ် သော။ အဘိနာမေန၊ ခေါ်ဝေါ်စရာ သညာထူးလည့် မျှို့ပေါင်းတည်သော အမည်အားဖြင့်။ ကဝိနံသာရမဉ္ဇူသံ၊ 'ကဝိသာရမဉ္ဇူသာ' အမည်ရှိသော ကျမ်းကို။ ဝါ၊ ပညာရှိတို့၏ အနှစ်ထည့်ရာ သေတ္တာသဖွယ်ဖြစ်သော


mgyoe.com

mgyoe.com SAMPLE BOOK

'ကဝိသာရမဉ္ဇူသာ'အမည်ရှိသော ကျမ်းကို။ ကသံ-ကရိသာမိ၊ ရေးသား တီထွင် ပြုစီရင်ပေအံ့။

ဤဂါထာ၌ 'ကဝိန့်သာရ'ကို 'ကဝိသာရ'ဟု သမာသ်နှင့် ဆိုလိုလျက် အဋ္ဌက္ခရပဒ ဖြစ်၍ ဝါကျနှင့် 'ကဝိန့်သာရ'ဟု ထားသည် မှတ်တော်မူကြကုန်။

ပဏာမပဋိညာဉ် ဥယျောဇဥ်မလဝ် စကားအရပ်ရပ် ပြီး၏။

mgyoe.com

mgyoe.com SAMPLE BOOK

# အယူတော်မင်္ဂလာ အတ္ထုပ္ပတ္တိ

နန်းတွင်းလက်သုံးဖြစ်တော်မူသော မင်္ဂလာသရဖူကျမ်းနှင့် ဗလိဂြိဟာ တိတ္ထုံ ကျမ်းရင်းအဆို–

- ၃ ပါးကာလ အတီတကို ညီမျှဆင်ခြင် ပမာတင်၍ ယူငင်ခြင်းတည်း ဟူသော 'အတိတ်'။
- အနာဂတ်မှာ ဖြစ်ပျက်ရာကို ပြလာတုံရှောင်း အကြောင်းတစ် တွေ့မြင် ဘိသည်ကို နှိုင်းညှိဆင်ခြင်၍ သိရခြင်းတည်းဟူသော 'နိမိတ်'။
- ရှေ့ဦဖြစ်လတ္တံ့သော ဟိတ်ကိုဆောင်၍ ပေါ်လာသောသီချင်းမျိုးကို 'တဘောင်'။
- ကာလ, အကာလ ၂၄ဒွာနတွင် မိမိကြိုက်ညီရာ အခါသမယတို့၌ပင် လိုအင်ခပ်သိမ်းကို နှိုင်းချိန်သိကျွမ်းရစေခြင်း အကျိုးငှာ ဦးစွာပြောဆို သည်ကို ကြားရသော ဇနုဝါစက မာဂဓဘာသာတို့၏အသံကို မှတ်နာ၍ ယူခဲ့ခြင်းသည် 'စနည်း'ဟု ဆိုချေသည်။
- ဘုရားပုထိုး တန်ခိုးရောင်ခြည် မျက်ရည်ယိုထွက် ချွေးတော်သက်၍ နတ်စကလောင်မီး ကျောင်းကြီးဇရပ် နန်းပြာသာဒ်၌ ကျလတ်တုံလေ လနန်းငွေ့တွင် ကြယ်ဝင်ကြယ်ခွပ် ရောစပ်တစ်မျိုး အခိုးတမ်းခွန် လွှတ် တို့ဟန်သည် ဖြစ်ရန်ပျက်ကြောင်း 'ဘဝေါ'တည်း။ ။ ဟူသော အရာဌာနတို့၌ ဣဋ္ဌ,အနိဋ္ဌ,ကိစ္စကုန်စင် ဒိဋ္ဌမျက်မြင်ကဲ့သို့ ယူငင်ပိုင်းခြား

mgyoe.com

mgyoe.com SAMPLE BOOK

လွဲမှားမရှိ တတ်သိ လိမ္မာ ထင်ရှားကျော်စောလှစွာသော 'အယူတော် မင်္ဂလာ'အမည်ရှိသော အမတ်၏ အကြောင်းကား-

ဒီပဲယင်းမြို့ စီရင်စု ကိုးသန်းနယ်အဝင်အပါ ကြခတ်ရွာလျှင် ဖွားရာ ဇာတိရှိသော၊ ၁၁၄၆ ခု-၆၄ ခုနှစ်တို့၌ စစ်တမ်းစာရင်း ပါဝင်သော အသည်ဝန်ကြီး မင်းကြီးမဟာကျော်ထင်၏နှမ အမိ မမင်းလှ, အဖ ဦးရွှေသို့ တို့၏သား၊

အမရပူရ ပထမမြို့တည်နန်းတည် အောင်မြေလောက စေတီတော် ဒါယကာ မဟာဓမ္မရာဇ်မင်းကြီး ရွှေတောင်တက်သောနှစ် 'နေမျိုးလေခ ပျံချီ'ဘွဲ့အမည်အရည်နှင့် သူကောင်းပြုသည်ကို ခံရသော အမှာတော်ရေး 'မောင်နိုး'ပင်တည်း။

၄င်း 'မောင်နိုး'အမည်ရှိသော အမှာတော်ရေးအမတ်၏မိခင် 'မမင်းလှ' ဆိုသူသည် ကစ်ရံရောအခါ ပုဏ္ဏမီစေ့ ပြည့်သည့်နေ့ ဖြစ်ရကား ပန္နရသီ* ဥပုသ်ကိုယူ၍ မကျိုးမပေါက် မပြောက်မကြားရအောင် စောင့်ထိန်းလျက် သမထဝိပဿနာတို့ကို သုံးသပ်ဆင်ခြင်ဆဲအခါ ထိနမိဒ္ဓစေတသိက် နှောင့် ယှက်သဖြင့် နေ့ ၃ ချက်တီးကျော်အချိန်တွင် ခေတ္တမျှ အိပ်ပျော်လေ၏။

ထိုအခါ အိပ်မက်မြင်သည်မှာ ဝတ်ဖြူစင်ကြယ် စလွယ်ဇာဆင့် ဖြိုးမြင့် ကျက်သရေ ငွေခရု, မြေဇာပန်း, သပြေညှာညွှန့်လန်းနှင့်တကွ ဗြာဟ္မဏ ဆရာတစ်ယောက်သည် အနောက်အရပ်က ကွန့်မြန်း၍လာပြီးလျှင် အံနီးသို့ ရောက်သောအခါ၊ ၄င်းမမင်းလှကို ပြောသည်မှာ

"ဒကာမကြီး။ ကျွန်ုပ်သည် တစ်ညဥ့်လောက် တည်းခိုပါရစေ။"ဟု ခွင့်တောင်းလေ၏။ ထိုအခါ မမင်းလှက မေးသည်မှာ "ဆရာ။ ဆရာ သည် အဖော်မပါ တစ်ယောက်တည်း ကြွလာခြင်းသည် ဘယ်မြို့ဘယ်နိဂုံး မှာနေ၍ အဘယ်မည်သောကိစ္စနှင့် အဘယ်အရပ်သို့ ကြွမည်နည်း။"ဟု မေးရာ၊ ဗြာဟ္မဏမျိုးခြား ပုဏ္ဏားဆရာက ဤသို့ ပြန်ကြားလေ၏။

mgyoe.com

---
* ပန္နရသီ = ၁၅ ရက်မြောက်သောနေ့။

mgyoe.com
SAMPLE BOOK

“ဒကာမကြီး။ ကျွန်ုပ်သည် မဇ္ဈိမဒေသ မောရိယတိုင်းသား ၄ပါးသော ပုဏ္ဏားမျိုးတို့တွင်လည်း ဗြာဟ္မဏမျိုးစစ်။ ပုရောဟိတ် ၂ မျိုးတို့တွင်လည်း ဗြာဟ္မဏပုရောဟိတ်၊ ရာဇပုရောဟိတ်ဟု ၂ ဌာနရှိသည်တွင် မင်းတိုင်ပင်ခံသော ရာဇပုရောဟိတ်မျိုး ဖြစ်သည်။ အနွယ်အားဖြင့်ကား ဒွိဟာပယ်ဖြတ် မဆိုတတ် မျိုးဇာတ်ကောဏ္ဍည အနွယ်တည်း။ ယခု ကျွန်ုပ်လာခြင်းသည်ကား တိုင်းတိုင်းတကာတို့၏ဦးစွန်း၊ ကျွန်းကျွန်းတကာတို့၏ ခွန်ဆက်၊ ကျွန်ုပ်၏အသက် ၁၉ နှစ်နှင့်ချိန်စက်၍ ကောဇာသက္ကရာဇ် ဖက်တူမျှစွာ ရွှေတောင်တက်သောမင်းလက်ထက် ရောက်သောအခါ ‘ဌာနန္တရ ထူးခြားပေးသနား၍ မြှောက်စားသူကောင်းပြုသည်ကို ခံရန် အမြန်လာရောက်ရမည်။’ ဟု အမိန့်တော်နှင့် ဆင့်ခေါ်တော်မူသောကြောင့် လာရသည် ဒကာမကြီး။”ဟူ၍ ပြောလျှင်၊

၄င်း မမင်းလှက မေးပြန်သည်မှာ “ဆရာ။ ယခု ဆရာ၏အသက်သည် အဘယ်မျှ ရှိပြီနည်း။” ဟု စုံစမ်းရာ “ဒကာမကြီး။ ကျွန်ုပ်၏အသက်သည် ပလ္လင်၏အရှင်သခင်ကို ဖွားသည့်နေ့က စ၍ရေတွက်သော် ပလ္လင်ပေါ်ထွက်သည့် နေ့သို့တိုင်အောင်သာ အသက် ရှိပါပြီ။” ဟူ၍ ပြောလေသော်၊ ၄င်းအသည်ဝန်ကြီးနှမ မမင်းလှသည်လည်း မျိုးကြီးဆွေကောင်းသမီး ဖြစ်ရကား ထောက်ထားချင့်စာ ပညာဗဟုသုတလိုလား တရားကျမ်းဂန် ဝေဖန်ပိုင်းခြား သိကြားလိမ္မာလိုသောဆန္ဒ ရှိသည့်အလျောက် ဆွေးနွေးရွေးကောက် နှိုင်းထောက်မေးမြန်းခဲ့ဖူးသော သုတာဝုဓရှိရကား ဤသို့စဉ်းစားဆင်ခြင်၏။

‘ယနေ့နံနက် ဥပုသ်ဇရပ်တွင် သီလခံယူစဉ်အခါ ငါတို့ဆရာဘုန်းတော်ကြီး ဟောတော်မူသည်ကို နာရသောတရားတော်၌ သတ္တဝါတို့၏ ဝတ်ကို ရွက်ဆောင်တော်မူလေ့ ရှိတော်မူသောကြောင့် ‘သတ္တဝါဟ’ မည်တော်မူသော ငါတို့ဂေါတမ ရှင်တော်ဘုရားသည် ကပိလဝတ်ပြည်ကြီး


mgyoe.com

mgyoe.com SAMPLE BOOK

ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ လက်ယာတော်ထား စုလျားနှောင်ရစ် ၈ သောင်း ညာတင် ဘိသိက်ယင်၍၊ အရှင်မိဖုရားခေါင်ကြီးဖြစ်တော်မူသော မဟာမာယာဒေဝီ မယ်ဟေသီမြတ် သိရီနတ်သည် ဇာတ်အသမ္ဘိန် လျှံထိန်ထူးခြား ဘုရားလောင်းမြတ် သိဒ္ဓတ္ထမင်းသားကို သီဟဟနု မင်းဖြိုသက္ကရာဇ် ၆၈ ခုနှစ် ဖွားတော်မူ၍ သက္ကရာဇ် ၉၇ ခု သက်တော် ၂၉ တွင် စွန့်ခြင်းကြီး ၅ပါးဖြင့် အတိုင်းမသိသော စည်းစိမ်တော်မြတ်ကြီးကို စွန့်၍ တောထွက်တော်မူသည်။

'သက္ကရာဇ် ၁၀၃ နှစ် သက်တော် ၃၅ နှစ်တွင် အပရာဇိတ*ပလ္လင်တော်သည် ဗောဓိနန်းအောက် ဆန်းကြယ်စွာပေါက်သည်ဟု ငါတို့ဆရာ ဘုန်းတော်ကြီး ဟောတော်မူချေသည်ကိုထောက်လျှင် ၄င်းဗြာဟ္မဏဆရာ၏ အသက်သည် 'ပလ္လင်သခင် ဖွားသည့်နေ့ကကို ပလ္လင်ပေါ်ထွက်သည့်နေ့ တိုင်အောင်သောနှစ်ပေါင်း ရှိပြီ။' ဆိုခြင်းသည် ၃၅ နှစ် ဖြစ်တန်ရာ၏။' ဟု ဆင်ခြင်မိသဖြင့်၊ ၄င်း မမင်းလှက ပြောသည်မှာ

"ဗြာဟ္မဏဆရာ။ ဆရာ၏ အသက်လည်း ၃၅ နှစ်မှန်၏လော။" ဟု မေးရာ၊ ဗြာဟ္မဏမျိုးချာ ပုဏ္ဏားဆရာကလည်း "မှန်ပေ၏ ဒကာမကြီး။" ဟူ၍ ဝန်ခံလေ၏။

ထိုအခါ မမင်းလှက တစ်ဖန်ထပ်မံ၍ စစ်မေးသည်မှာ "ဆရာ။ ဆရာ၏အသက်သည် ၃၅ နှစ် မှန်ချေသော် အထက်က အဘယ်အရပ်သို့ သွားမည် လာသနည်း။'မေးစဉ်၌ 'ဒကာမကြီး။ ကျွန်ုပ်တို့၏အသက် ၁၉ နှစ်နှင့် ချိန်စက်၍ ကောဇာသက္ကရာဇ် ဖက်တူမျှစွာ ရွှေတောင်တက်သော မင်းလက်ထက် ရောက်သောအခါ ဌာနန္တရထူးခြား သနားချီးမြှင့်၍ သူကောင်း ပြုတော်မူသည်ကိုခံရန် အမြန်လာရောက်ရမည် ဟူသော အမိန့်တော်နှင့် ခေါ်တော်မူသောကြောင့် လာပါသည်။'ဟု အဘယ်ကြောင့် ဆရာ ပြောဘိသနည်း။" ဟုမေးရာ ဗြာဟ္မဏဆရာသည် လက်ယာရစ်ခရုသင်းကို ကိုင်၍၊ ၄င်း မမင်းလှရှိရာဘက်သို့ လှည့်၍ အခြားစကားကို မဆိုဘဲ၊

* အပရာဇိတ = ရန်သူတို့ မအောင်အပ်သည်။

mgyoe.com


"အနာဂတေဇာနိဿာမိ အနာဂတေဇာနိဿာမိ အနာဂတေဇာနိဿာမိ"ဟူ၍၊ ကြီးစွာသောအသံဖြင့် ဤသို့ ၃ ခွန်း ကြွေးကြော်ပြီးလျှင် ခရုသင်းဖြင့် မမင်းလှ၏လက်ယာနံစောင်းကို ဖွင့်လှစ်၍ ဝင်သည်တွင်၊ ကြောက်လန့်တကြားဖြစ်၍ မောကြီးပန်းဟိုက် သက်ကြီးရှိုက်ငင်နှင့် ရုတ်တရက်နိုးလေ၏။

ထိုအခါ စမ္ပရက်ခွဲတဖြစ်ကြကုန်သော ဉာတိသင်္ဂဟ မိဘဘိုးဘွားစသူတို့က ၄င်းမမင်းလှ၏ အိပ်ရာမှ အလန့်တကြားယောင်ယမ်းကာ ထခြင်းအဖြစ်ကို မြင်ကြသဖြင့် အုတ်အုတ်ကျက်ကျက် ရုတ်တရက်လျှင်စွာ လာကြပြီး လျှင် 'ဘာဖြစ်သနည်း။'ဟူ၍ အကြောင်းကို မေးမြန်းကြသောအခါ မမင်းလှသည် တစ်လုံးတစ်ပါဒမျှ ချွတ်ယွင်းတိမ်းစောင်းခြင်း မရှိ၊ သေချာဂနစွာမှတ်မိရကား မိမိ၏အိပ်မက်ကို အချက်ကျန ဆုံးစကုန်စင် ပြန်ကြားလေ၏။

ထိုအခါ မိကြီး,မိထွေးစသော ဉာတိသင်္ဂဟတို့သည် လွန်စွာအံ့သြလျက် ဓာချွေးများကို တဘက်ပဝါတို့နှင့် သုတ်၍ပေးကြပြီးလျှင်၊ "၄င်းအိပ်မက်ကို ဖတ်ရန် သင်တို့ငါတို့ စွမ်းနိုင်ဖို့မရှိ။ ငါတို့ ကိုးကွယ်ရာ ဆရာဘုန်းတော်ကြီးနှင့်သာ သင့်လျော်သောအရာဖြစ်သည်။"ဆို၍ ၄င်း မမင်းလှကို ဘုန်းတော်ကြီးထံသို့ ခေါ်သွားကြပြီးလျှင် အိပ်မက်၏အကြောင်းကို အစအဆုံး လုံးဝ မကျန် လျှောက်ထားပြန်ကြားသောအခါ၊ ဆရာဘုန်းတော်ကြီးက အိပ်မက် ဖတ်သည်မှာ -

"၄င်းသူငယ်မ၏ အိပ်မက်အရကို ဤသို့ မှတ်ကြကုန်။ အနောက်မဇ္ဈိမဒေသ မောရိယတိုင်းသား ဗြာဟ္မဏမျိုးခြားမှုဏ္ဍားသည် သပြေ,မြေဇာ မင်္ဂလာအောင်ပန်းနှင့်တကွ လက်ယာရစ်ခရုသင်းကို ကိုင်ကာ လာသည်ဆိုရာ၌ မိမိထက်မွန်မြတ်သော သူတို့၏ ချီးမြှင့်ခြင်းကို ခံရလတ္တံ့။

mgyoe.com

mgyoe.com SAMPLE BOOK

"ငှင်းပုဏ္ဏားသည် ကိုင်စွဲ၍လာသော ခရုသင်းနှင့် သူငယ်မ၏ လက်ယာနံတောင်းကို ဖွင့်လှစ်၍ဝင်သည်ဟု မြင်မက်သည်မှာ 'ဗြာဟ္မဏ' ဟူသောပါဠိကို ထောက်၍ 'မင်းဆရာ ဖြစ်သောလူ' သော်လည်းကောင်း ကိန်းအောင်းသန္ဓေ နေလတ္တံ့။

"'ဒွိဟာပယ်ဖြတ် မဆိုတတ် မျိုးဇာတ် ကောဏ္ဍညနွယ်တည်း။' ဆိုသည်မှာ လောကီအတိတ် နိမိတ်လက္ခဏာ တဘောင်လာစနည်း အသီးသီးတို့ကို မိမိပြုပြင်၍ထားသကဲ့သို့ သိမြင်ကျနု မှန်ကန်စွာ ဟောစွမ်းနိုင်ခြင်း၌ ဘုရားအလောင်းတော်မြတ်ကို ဖွားမြင်တော်မူသောအခါ၊ 'ဘုံ ၃ ပါး၌ ဘုရား သော်လည်းကောင်း၊ စကြာ, မန္ဓာတ် သော်လည်းကောင်း ဖြစ်ပါလိမ့်မည်။' ဟု လက္ခဏာတော်မြတ်ကို ဖတ်၍ စကား ၂ ခွန်းဖြင့် တင်လျှောက်ကြသော ရာမ,ဓဇ,လက္ခဏ စသော ပုဏ္ဏားတို့ကဲ့သို့ မဟုတ်။ 'ဘုရားစင်စစ် ဖြစ်လိမ့်မည်။' ဟု တစ်ခွန်းတည်းသောစကားဖြင့် လက်ညှိုးတစ်ချောင်း တည်းသာ ထောင်၍ ဟောစွမ်းနိုင်သော ကောဏ္ဍညပုဏ္ဏား၏ အနွယ် အဆက် ပညာရောင် ထက်မြက်မည့်သူ ဖြစ်လိမ့်မည်။–ဟု ဆိုလိုသည်။

"လက်ယာနံတောင်းကို ဖွင့်လှစ်၍မဝင်မီ အိပ်မက်ရှင်ဖြစ်သော သူငယ်မရှိရာသို့ မျက်နှာတူရူ လှည့်၍ 'အနာဂတေဇာနိဿာမိ' ဟူသော စကားဖြင့် ၃ ခွန်း ကြွေးကြော်သည်ဆိုရာ၌ သဒ္ဒတ္ထာပတ္တိဖြင့် သိကြားရန်ကား 'အနာဂတေ၊ အနာဂတ်ကာလ၌။ ဝါ၊ နောင်လာလတ္တံ့သောအခါ၌။ ဇာနိဿာမိ သိကြကုန်အံ့။ ဝါ၊ သိကြရကုန်လတ္တံ့။' ဟူ၍ဆိုသောကြောင့် ယခုထင်ထင် မသိမမြင်ကြရသော်လည်း 'နောင်သောအခါ အကြောင်းကို သိကြရကုန်လတ္တံ့။' ဟု ဆိုသည်။

"ယခု အသက် ၃၅ နှစ်ရွယ်ဖြစ်လျက်နှင့် ကျွန်ုပ်၏အသက် ၁၉ နှစ်ချိန်စက်၍ ကောဇာသက္ကရာဇ် ဖက်တူမျှစွာ ရွှေတောင်* တက်သော မင်းလက်ထက်ရောက်သောအခါ သူကောင်းပြုတော်မူသည်ကိုခံရန် အမြန်

* ရွှေတောင် = နန်းတော်။

mgyoe.com

mgyoe.com SAMPLE BOOK

လာရမည် ဟူသောအမိန့်တော်နှင့် ခေါ်တော်မူသောကြောင့် လာသည် ဆိုသော စကားမှာမူကား အနာဂတ်ကိုမြော်သော အခွင့်အနက်ဟိတ် ရှိရကား 'အနာဂတေ' ဟူသောပါဠိတွင် စပ်၍ ယူရသိရမည်။

"ဤအိပ်မက်အရ အဝဝသောစကားကို ထောက်ထားဆင်ခြင်လျှင် စလွယ် ၉ ဆင့်ဆင်ယင်၍လာသော အသက် ၃၅ နှစ်ရှိ ဗြာဟ္မဏမျိုးခြား မောရိယတိုင်းသား ထိုပုဏ္ဏားသည် ယခုအိပ်မက်တွင် တွေ့မြင်ဆဲဖြစ်သော ခဏာ၌ပင် စုတိမနေ သန္ဓေကိန်းအောင်းတော့မည်ဟု ယူရန်ရှိသည်။ ၎င်းသန္ဓေကို သွေးသွန်ဖွားမြင်သည်မှ ထိုသူငယ်၏အသက် ၁၉ နှစ် ပြည့်သည်နှင့် တစ်ပြိုင်နက် ရွှေနန်းတက်သောမင်းသည် ထို ၁၉နှစ်သား သူငယ်အား သူကောင်းဧကန် ပြုသည်ကို ခံရမည်ပင်ဟု ဆိုလိုသည်။ သို့ဖြစ်၍ ၎င်းအိပ်မက်ရှင် သူငယ်မသည် ယနေ့မှစ၍ ဒါန,သီလ စသော ပုညကိရိယာ ၁၀ ပါးကို ကြိုးစားအားထုတ်ပါလေလော့။" ဟု ဆရာ ဘုန်းတော်ကြီးက မိန့်တော်မူလိုက်လေ၏။

ဤအရာ၌ အိပ်မက်ကို မြင်မက်သည်မှ နီးသည်တိုင်အောင်သော ခရီးစဉ်အတိုင်း ကောက်ယူခြင်းငှာ မသင့်။ သီဟဂတိက[၁] နည်း, မဏ္ဍူကဂတိက[၂] နည်းမျိုးတို့ ဖြင့် အဓိပ္ပာယ်ပြေပြစ်ရာ စကားအသွားအလာဖြော်၍ စေခြင်းငှာ ခုန်ကျော်ပျံလွှား၍ ရှေ့နောက်ကြည့်ငဲ့ခြင်းတည်းဟူသော ကာကောလောကန နည်းနယနှင့် ထောက်ဆကောက်ယူမှသာ သင့်လျော်ရာသည်ဟု သတိနှလုံး အမြဲကျူး၍ စွဲသုံး မှတ်ပိုက်ကြလေ။

ဤသို့သော လောကီမှုကို မဆိုထားဘိဦး။ မြတ်စွာဘုရား မှုခပါဌ်တော် ဖြစ်သော ပါဠိဒေသနာ ဂါထာတော်ပင်ဖြစ်သော်လည်း၊ စာစပ်လက္ခဏာ ကာလကစ္စား ဝိဘတ်သွားပုဒ်နေကို ကြည့်၍၊ အနက်, လိင်, ဝုစ် ဖွင့်ထုတ် သမ္ဗန္ဓမှ ဝစနာ လင်္ကာရ, ဝါစာသိလိဋ္ဌဖြစ်၍ ဝါကျတ္ထဒေါသကင်းခြင်းသို့ ရောက်ရသည်ဟု မှတ် ကြကုန်ရာသည်။ ။ ဤကား အမှာစကားချပ်တည်း။

---

၁- သီဟဂတိက = ခြင်္သေ့အလားရှိသည်။

၂- မဏ္ဍူကဂတိက = ဖားကဲ့သို့ အလားရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့ ဘုန်းတော်ကြီး အိပ်မက်ဖိတ်သည့်အတိုင်း ၄င်းမမင်းလှဆိုသော မိန်းကလေးမှာ မကြာမီပင် ကိုယ်ဝန်သန္ဓေ စွဲနေရှိသည်ကို သိကြသဖြင့် မိဘဆွေမျိုး ဉာတကာတို့သည် ကောင်းစွာစောင့်ရှောက်ကြကုန်၏။

သန္ဓေကိုယ်ဝန်ရှိသည့်နေ့ကစ၍လည်း ရှေးရှေးနှောင်းနှောင်း စကားဟောင်းတို့ကို ကြားနာလိုခြင်း၊ မြေပြင်၊သင်ပုန်းတို့၌ ရေးခြစ်လိုခြင်း၊ ထုံးရာဇဝင်၊ ပုံပြင်၊ပမည်း*ပြောလိုခြင်း၊ ကောင်းကင်ကြည့်ခြင်း၊ ကန့်ကူ တံနု၊ ပျားမုန့်ဆန်း စသည်တို့ကို စားသောက်လိုသော ချင်ခြင်းအာသာ သည် များစွာ ဖြစ်သတည်း။

ထိုနှစ်၌ ၄င်း ကြခတ်ရွာတွင် ကလေးသူငယ်တို့ သီဆိုလျက် ကခုန်ကြသော တဘောင်သီချင်း ပေါ်လာသည်မှာ-

'ကြခတ်ရုံ ချုံပိတ်ပေါင်း ကျေးသား ခိုဝင်အောင်းပါလို့လေး။ အောင်းသည့်ကျေးသား တံခွန်ဖျား ကိုက်လွှားချီကာ မြန်းပါလို့လေး။' ဟူသော တဘောင် ပေါ်သတည်း။

ထိုတဘောင်ကို ကြားသိကြကုန်သော သက်ကြီးရွယ်ရင့်တို့ ပြောဆိုကြသည်မှာ "ငါတို့ကြခတ်ရွာတွင် ကျေးသားလိမ္မာနှင့်တူသော ပညာရှိယောကျ်ား ဝင်လာလိမ့်မည်။ အကယ်၍ ခိုဝင်လာပြန်မူကား သာမညယောကျ်ား မဟုတ်။ တိုင်းပေါ်ပြည်ပေါ်တွင် ကျော်စောထင်ရှား တံခွန်လွှား ဖြစ်မည့်သူ ပေါ်လတ္တံ့။" ဟူ၍ ပြောဆိုစမှတ် ပြုကြကုန်၏။

တစ်ရံရောအခါ အသည်ဝန်ကြီး မင်းကြီးမဟာကျော်ထင်၏နှမ မမင်းလှ၌ စွဲပိုက်သောသန္ဓေသည် ၄၂ သတ္တာဟ ပြည့်လေကလျှင် ၂၉၄ ရက် မပျက်မှန်စွ ကမ္ဘဇလေ လှုပ်ရှား၍ ဒီပဲယင်းမြို့စား နောင်တော်ကြီး မင်းတရား နန်းသိမ်းပြီး ၃ နှစ် ကောဇာသက္ကရာဇ် ၁၁၂၄ ခု ဥတုဂိမှန္တ သူရိယမာသ နယုန်လပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့နံနက် နေတက်မင်္ဂလာ

---

* ပမည်း (ပမာ) = ဥပမာ၊ ဥပမေယျ။
mgyoe.com

mgyoe.com SAMPLE BOOK

၁ ချက်တီးကျော်အခါတွင် ရတနာ ၃ ပါး ဦးထိပ်ထား၍ မာတာမိခင် သတို့သားကို မျက်နှာမြော်မြင် ဖွားသန့်စင်သတည်း။

ဤသို့ဖွားပြီး တစ်သီးထိုမှ ၁ လ ၂ လ ရက်ရေရသော် မိဘဉာတကာ ဆွေရင်းချာဖြစ်ကြကုန်သော ဦးရီးဦးမင်းစသူတို့က အမည်နာမ ပေးလိုကြ၍ ၄င်းမမင်းလှနှင့် တကွသောသားငယ်ကို ယူဆောင်လျက် ဆရာဘုန်းကြီးထံ လှူဒါန်းရန် ကန်တော့ပွဲများနှင့် သွားကြ၍ အမည် တောင်းကြလေ၏။

ထိုအခါ ဆရာဘုန်းတော်ကြီးက ဖွားမြင်သောရက်နေ့တို့ကို မေးမြန်း တွက်ချက်ရာ "အင်္ဂါသားပင်ဖြစ်သော်လည်း နေ့နံကို မလိုက်သာ ပဋိသန္ဓေ ကာလ အိပ်မက် ရစဉ်အခါ မိခင်ဖြစ်သည့် မမင်းလှ အလန့်တကြားနိုးသည် ကို ထောက်၍ လည်းကောင်း၊ မောဟနိမိတ် ဉာဏ်အိပ်ခြင်းမှ နိုးစေခြင်းငှာ လည်းကောင်း၊ 'နာမည်ကို ဆန်, နေရပ်ကို ပြန်' ဆိုသည်ကို ထောက် သဖြင့်လည်းကောင်း၊ 'အမည်သေစေ လူရှင်စေ' ဆိုသဖြင့်လည်းကောင်း အထွန်းဖွားကို ယတြာပြုပြီး ဖြစ်စေခြင်းငှာ မရဏာအမည်နှင့် ယာယီချေ၍ အမည် 'မောင်နိုး' ဟု ခေါ်ကြလေ။

"အကြင်အင်္ဂါသားသည် ထို 'မောင်နိုး' ဟူသော စနေအမည်နှင့် သော် ပဥ္စပွတ် ကျသည်။ ထို 'ပဥ္စပွတ်နှင့် ဆပွတ်ကိုရှောင်။ တြိရန်းနှင့် စတုရန်းကို ဆောင်။' ဟု အင်္ဂဝိဇ္ဇာဆရာတို့ ဆိုရိုးရှိကြစေတစ်မူကား ၄င်း သတို့သားဇာတာမှာ စနေအမည်နှင့်သာ နက္ခတ် ကြိုက်ညီသောကြောင့် ၄င်းစနေ ပဥ္စပွတ်သည် မချွတ် မင်းဆရာ မင်းတိုင်ပင်တို့၏ ဂြိုဟ်နေ ဂုရုမိတ္တ ဒဋ္ဌိပါကဋ္ဌ ဖြစ်ချေသည်။" ဟု မိန့်တော်မူလိုက်၏။

ထို့နောက် ပံသုကီဠန*အရွယ်သို့ကျသောအခါ ဦးရီးဖြစ်သော အသည် ဝန်ကြီး 'မင်းကြီး မဟာကျော်ထင်'ထံသို့ ခေါ်၍သွားရာ ၄င်းအသည် ဝန်ကြီးသည် လွန်စွာချစ်ခင်သည်နှင့် မိမိတို့နေရင်းဖြစ်သော ကြခပ်ရွာသို့ မပြန်စေဘဲ နှမ မမင်းလှ, ယောက်ဖ ဦးရွှေညိုတို့ကို ရတနာပူရ အင်းဝ ရွှေပြည်တော်တွင်ပင် နေကြစေ၏။

---

* ပံသုကီဠန = မြေမှုန့်ကစားသော၊ မြေမှုန့်ကစားခြင်း။

mgyoe.com

mgyoe.com SAMPLE BOOK

(ထိုအခါက ရတနာပူရ တတိယမြို့တည် 'သိရိပဝရသုဓမ္မ မဟာ ဓမ္မနိဂ္ဗာ မိပတိ'တံဆိပ်နာမံ ခံတော်မူသော ဆင်ဖြူရှင်မင်းတရား ရွှေနန်းတက်တော်မူသော လက်ထက်တော်ဖြစ်သည်။ သို့အတွက် အထက် ရေးသားခဲ့ရင်း၂ှိသော အသည်ဝန်ကြီး မင်းကြီး မဟာကျော်ထင်ကား ၄င်းအသည်ဝန်ကြီးအဖြစ်သို့ မရောက်သေး။ 'ဝင်းကောင်းရွှေဝန် ပုံချို သိရိကျော်ထင်'ဟူသော အမည် အရည်နှင့် သူကောင်း ပြုတော်မူခြင်းမျှသာ ရှိသေးသည်။ သို့သော်လည်း စဥ့်ကူးမင်းလက်ထက်တော် မှသည် အမရပူရ ပထမမြို့တည် နန်းတည်ဖြစ်တော်မူသော ဘိုးတော်ဘုရား လက်ထက်တော်တိုင် အသည်ဝန်ကြီးအဖြစ်နှင့် ကာလရှည်စွာ သူကောင်းပြုတော် မူသည်ကို ခံရသောကြောင့် ထင်ရှားသိလွယ်သည်ကို အလိုရှိပါသဖြင့် အသည် ဝန်ကြီးနှမ' ဟူ၍လည်းကောင်း 'အသည်ဝန်ကြီးတူ' ဟူ၍လည်းကောင်း နောက်နောင်ကရေးခဲ့ခြင်း, ရှေးရေးလတ္တံ့တို့ကို သည်းခံတော်မူကြ၍ အပြစ် တင်ဖွဲ့ ကဲ့ရဲ့ခြင်းအမှုမှ လွှတ်လျှော့တော်မူကြပါကုန်။ ။ဤကား အမှာစကားချုပ် တည်း။)

ထိုသူငယ်သည် ၄ နှစ် ၅ နှစ်ရွယ်သို့ရောက်သောအခါ အခြား တစ်ပါးသော သူငယ်တို့ကဲ့သို့ တက်လှေမလုပ် ယမင်းရုပ်နှင့် အိုးပုတ် ကျီးသား ဂုံညင်းများကို ကစားခြင်းအလေ့အထ မရှိ။ မိမိကြားဖူးသိဖူး သမျှသော ရှေးရှေးနှောင်းနှောင်း စကားဟောင်းတို့ဖြင့်သာလျှင် သက်ကြီး ရွယ်ရင့်တို့ကဲ့သို့ ဝိုင်းဖွဲ့၍ ပြောလေ့ရှိ၏။ ရံခါလည်း ဗေဒင်ဟောဟန် ကစား၏။ ရံခါလည်း ပုဏ္ဏားသဏ္ဌာန်ဖြင့်လည်းကောင်း၊ မှူးမတ် သဏ္ဌာန် ဖြင့်လည်းကောင်း၊ ဗောင်းနားတောင်း, စလွယ် ဝတ်ဆင်ဟန်ဖြင့် ချည်ခင် စသည်တို့ကိုယူ၍ စလွယ်တင်ဟန်ပြုပြီးလျှင် ပျော်မြူးကစားလေ့ ရှိ၏။ ၇ နှစ်သားအရွယ် ရောက်သောအခါ ဦးရီးဖြစ်သော အသည်ဝန်ကြီးသည် ဘုံသာတုလွတ်ဆရာတော်ထံသို့ အပ်နှံ၍ ကျောင်းထားလေ၏။

၁၃ နှစ်သားအရွယ်ရှိသော် သဒ္ဒါ, သင်္ဂြိုဟ် ငြိမ်း၏။ ၁၄ နှစ်သော် ဗေဒင် လက်ရိုး ငြိမ်း၏။

mgyoe.com

mgyoe.com
SAMPLE BOOK

ဤသို့ အစဉ်အတိုင်း သင်ကြားပေါက်ရောက်သဖြင့် ဂန္ဓန္တရ ဗဟုဿုတဝစ သုတပွားလူး ဆည်းပူးလုံလောက် ၁၅ နှစ်သို့ ရောက်သော် ဦးရီးဖြစ်သူ အသည်ဝန်မင်းကြီးကပင် သာသနဒါယဇ္ဇ အမွေတော်ခံအရာ မင်္ဂလာစည် စန်းလက်နှင့်ယှဉ်၍ ပဗ္ဗဇ္ဇအခြေ ရှင်သာမဏေဖြစ်ခွင့်ကို ချီးမြှင့် သွတ်သွင်း လှူဒါန်းခြင်းကို ပြုသတည်း။

ဤသို့ သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှောက်သောအခါ ၄င်း ဘုံသာတုလွတ်ဆရာတော်က မောင်ရှင်သာမဏေကို ဘွဲ့ချီးအံ့သောငှာ မိန့်တော်မူသည်မှာ

"ဒကာတော်အသည်ဝန်မင်းကြီး။ ဝန်မင်းကြီး၏ တူဖြစ်သူ သာ မဏေ၏ ပဋိသန္ဓေကာလ သုပိန*လျှင် သူ့မိခင်၌ တွေ့ထင်မြင်မက်သော အိပ်မက်အကြောင်းကို ဆရာတော်အား ပြန်ကြားလျှောက်ထားဖူးသော ကြောင့် ဆရာတော်ကလည်း အတိတ်, နိမိတ်, ဟိတ်နှင့် တဘောင် အမြဲဆောင်၍ ဖွားသောသူငယ်ဟူသည်နှင့်အညီ နေ့စဉ်မလပ် အကဲခတ် လျက် အမြဲကြပ်မ သင်ပြခဲ့သည်။

"ဤသို့သင်ရာ ပညာပါရမီ ဝသီထူးစွာ ဝါသနာနှင့်တကွ စာဝါဗေဒင် အတင်တင်ကို လျင်မြန်သောဇဝန ထက်မြက်သောတိက္ခဉာဏ လောက်လုံ ဂုဏ်ရည်ပြည့်ဝ၍ အသက်အရွယ်နှင့်မမျှ အဆမတန် ပေါက်ရောက်ပေသည်။

"ထိုသို့ ဉာဏ်တံခွန် ဇမ္ဗူလွှန်လောက်သော သူငယ်မွန်တစ်ယောက် ဖြစ်ရကား ငါတို့ရတနာပူရ အင်းဝရွှေပြည်ကြီးတွင် ထီးမင်းတစ်ဆူ ပြုလုပ်တော်မူသော ဝမ်းဘဲအင်းစံ မင်းတရားကြီးလက်ထက်တော်အခါ 'စက္ကာဘိဃောသ' တံဆိပ်တော်ရသော အင်္ဂဝိဇ္ဇာ, ဗေဒဝိဇ္ဇာ ၂ ဖြာဖက်ကမ်း သိုက်ညွှန်းကျမ်းဆရာ ဇာဂရုပရောဟိတ်ကဲ့သို့ ပညာဂုဏ်ဟိတ် နိမိတ် စွန်းတွက် တူကြမည့်အချက်ကို ထောက်မြော်၍ လည်းကောင်း။

"မောင်ရှင်သာမဏေ၏နေ့သည် အင်္ဂါသားဖြစ်လျက် ပထမက ကြခတ်ရှာ ဘုန်းတော်ကြီးပေးလိုက်သော 'မောင်နိုး' ဟူသောအမည်ကို

* သုပိန = အိပ်မက်။ အိပ်မက်ကျမ်း။

mgyoe.com

mgyoe.com SAMPLE BOOK

ထောက်မြော်၍ လည်းကောင်း။ မောဟနိမိတ် ပညာအိပ်ခြင်းမှ ထမြောက် နိုးကြားမည့်တံခွန် ပေါ်ထွက်ရှိသောကြောင့် လည်းကောင်း။

''နိုးကြားခြင်း၏ပါဠိသည်လည်း 'ဇာဂရ' ဟူချေသည်။ 'အဘယ်ကို ထောက်၍ သိရအံ့။' ဟူသော် 'ဇာဂရတော၊ နိုးကြားသောသူအား။ ရတ္တိ၊ ညဉ့်သည်။ ဒီဃာ၊ ရှည်၏။' ဟူ၍ ကျမ်းဆရာတို့ ပြဆိုတော်မူကြသဖြင့်၊ ၄င်းအင်္ဂါသား မောင်ရှင်ကို ''ဇာဂရ' ဟူ၍ လည်းကောင်း, 'ဇာဂရ' ဟူ၍ လည်းကောင်း ဘွဲ့ချီးခြင်းငှာ သင့်သည်သာတည်း။

''သို့သော် 'ဇာဂရ' ဟု ဘွဲ့မည်ပေးပြန်က 'နိုးကြားခြင်း' မျှသာ ရသည်။ 'အဘယ်မှ နိုးကြားသည်။' ဟူသော ပဝတ္တနိမိတ် အတ္ထာပတ္တိဂုဏ် ဟိတ် မပါသေး။ 'ဇာဂရ' ဟူပြန်က ပုဏ္ဏားဆန်လွန်းသောအမည် ဖြစ်ချေ သည်။ သို့အတွက် 'ဇာဂရ, ဇာဂရ' ၄င်းအမည် ၂ ခုမှ အားလုတိုးတက်၍ မောဟ၏ဟိတ် ပညာအိပ်ခြင်းမှ ထွန်းဝင်းရောင်ဝါ ရှိစေငှာကို မင်္ဂလာမူ သြဘာယူ၍ 'ဇာဂရောဘာသ' ဟူသောဘွဲ့မည်ကို ငါ ချီးတော်မူမည်။

''ဤ 'ဇာဂရောဘာသ' ဟူသောဘွဲ့မည်ကား အရင်း,. အဖျား ၂ လုံးကို ပယ်ရမည်။ အလယ်အက္ခရာ ၃ လုံးသာယူ၍ ဂိုဏ်းနက္ခတ် ရွေးစစ်သော် 'ယတိ' သတ်' ဟူသော ဆန်းကျမ်းအလိုသို့ ရောက်ချေသည်။ ၄င်း 'ယတိ' သတ်' ဟု မိန့်ဆိုရာဌ် ယဂိုဏ်း, တိမ်နတ်, သတ္တဘိသျှနက္ခတ် ဖြစ်ရကား ၄င်းဂိုဏ်းစောင့် နတ်-နက္ခတ်တို့တွင် ဣန္ဒ ၄ ဂိုဏ်း အနိန္ဒ ၄ ဂိုဏ်းရှိခြင်း၌ အလိုရှိအပ်, အမည်ကိုယူအပ်သော ဣန္ဒ ၄ ဂိုဏ်းသို့ ပါဝင်သော အမည် ဖြစ်ချေသည်။ သို့ဖြစ်၍ ဤ 'ဇာဂရောဘာသ' ဟူသော ဘွဲ့အမည် တွင်စေ။'' ဟု ဘွဲ့ချီတော်မူ၏။

သာမဏေ ၃ ဝါ အသက် ၁၇ နှစ်သို့ တိုင်သော် သဒ္ဒနယ, အဋ္ဌ ကထာ, ဋီကာဒိုးလည် လောကီ,လောကုတ် မယုတ်သောငြမ်း ကမ်းတစ် ဘက်ရောက် လမ်းပေါက်သိကျွမ်း တတ်စွမ်းနားလည် ရှိပြီဖြစ်ရကား၊ ရှင်သာမဏေအဖြစ်မှ လျှောသက်၍ လူထွက်ပြီးလာရာ၊ ဦးရိုးဖြစ်သော


mgyoe.com

mgyoe.com
SAMPLE BOOK
အသည်ဝန်ကြီးက ရွှေလွှတ်တော်ဆိုင်ရာ တရားဌာနချုပ်ဝန်ကြီး သတိုးမဟာ သီဟသူထံသို့ အပ်နှံ၍ထားလေ၏။

နောက်မကြာမီပင် အသက် ၁၉နှစ် ရှိသော ၄င်းမောင်နိုးသည် စာစီစာကုံး အနှုန်းအဖွဲ့စသော သတ်ညွှန်းသတ်ထုံးနှင့်တကွ တတ်မြောက်လိမ္မာ ဝါစာသိလိဋ္ဌ ဝါကျဆောက ဝါစကောပဒေသ ဌာနာဌာန ကောသလ္လတစ်မူ နည်းယူမှတ်လောက် ထွင်းဖောက်ပေါ်ထွန်း ရှိရကား၊ သက္ကရာဇ် ၁၁၄၃ ခုနှစ် မင်းအဖြစ်သို့ ရောက်တော်မူသော အမရပူရ ပထမမြို့တည်နန်းတည် ဘဝရှင် မင်းတရားကြီးဘုရားသည် ကောက်ယူတော်မူပြီးလျှင် 'နေမျိုးလေခပျံချီ' ဟူသော ဘွဲ့အမည်အရည်ဖြင့် အမှာတော်ရေး ခန့်တော်မူသတည်း။

သက္ကရာဇ် ၁၁၄၄ ခု ဝါဆိုလဆန်း ၁၁ရက် ကြာသပတေးနေ့ ၁ ချက်တီးကျော် ၂နာရီ ၃ ပါဒ်တွင် သားတော်အလတ် စကုမင်းသားကို သျှောင်ထုံးပေါက်ချပ် ဆင်တော်မူ၍ နားထွင်းတော်မူသော ကဏ္ဏဝိဇ္ဈန မင်္ဂလာပွဲတော်ကြီးတွင် များစွာသော မှူးမတ်ဗိုလ်မင်းတို့ တပ်ဝင်းခင်းကျင်းပြီးလျှင် သင်းပင်းကိုယ်ရံနှင့်တကွ ဗိုလ်ရှုညီလာ ဝန်းကာဖျဖျ ပြုလုပ်၍ နေကြရာ၊ ၄င်း 'နေမျိုးလေခပျံချီ' ဘွဲ့ခံသော အမှာတော်ရေး 'မောင်နိုး' သည် ခက်လုံးမြင်းမှူး ပစ္စယရာဇာ, ပြင်စည်မြင်းမှူး မင်းရဲမင်းလှရွှေတောင်, ပင်းစည်းမြင်းမှူး မင်းရဲကျော်, လက်ရွေးငယ်မြင်းမှူး မင်းလှရာဇာ, လမ္ဘူမြင်းမှူး မင်းလှရွှေတောင်, ကျောက်ဆောက်မြင်းမှူး ဦးပြေ, ယူတော်မူမြင်းမှူး ဦးသာပင်, စောဘွယ်အိုးမြင်းမှူး ဦးပုတ်, ငါးဆယ်တော်ကျိဝန်သွေးသောက်, ငါးဆယ်တော် အဂ္ဂသေနသွေးသောက်, လေးဆယ်တော် မင်းရဲသီဟသွေးသောက်, လေးဆယ်တော် ရှေ့ဝင်မှူးသွေးသောက်တို့ စုဝေးသော ဗိုလ်တည်းမဏ္ဍပ်သို့ ဝင်၍ ရှေးရှေးနှောင်းနှောင်း စကားပေါင်း အစဉ်တို့ကို ပုံပြင်ဥဒါန်းနှင့်တကွ ပြောဟော၍နေစဉ်အခါ၊

mgyoe.com

mgyoe.com
SAMPLE BOOK

ကျောက်ဆောက်မြင်းမှူး ဦးပြေက ပြောသည်မှာ-

"သာဓု သာဓု- အမှာတော်ရေးမင်း။ လူပင်ငယ်သော်လည်း ငယ်သည်ဟူ၍ မဆိုသာ လူကြီးနှင့် တူပါပေသည်။ အမှာတော်ရေးမင်းတို့ ဆုတောင်းသည် အံ့ဩဖွယ် ကောင်းပါပေ၏။ မကြားဖူးသော စကားများလည်း ကြားရပါပေသည်။ ကြားရပြန်ပါလည်း မည်ကာမတ္တ မဟုတ်ပေ။ ခုနှစ်သတ္တရာဇ်နှင့်တကွ သေချာဂန အာစလျှာစ ပီပီသသနှင့် အက္ခရာဝဏ္ဏ ကွဲကွဲပြားပြား လွဲမှားမရှိ သတိမမေ့ စေ့စေ့စပ်စပ် လည်လည်ပတ်ပတ် အရပ်ရပ်တို့ကို ကျက်မှတ်ရွက်ဆောင်နိုင်ပေသည်။ ပြောရေးဆိုစ ရဲရင့်ခြင်း ၌လည်း ပိယဝါစာ ချိုသာနူတ်ထွက် သက်သက်သာသာနှင့် 'သူ-ငါ' ဟူ၍ စိတ်စွဲမရှိ တစ်ယောက်တည်းထိုင်၍ စာပြန်ဘိသကဲ့သို့ မိတိမာ[၁] ဂုဏ် လောက်လုံပြည့်ဝ ရှိပါပေသည်။

"သို့သော်လည်း အမှာတော်ရေးမင်းမှာ အသက်အရွယ် နုနယ်လှပါသေးသည်။ သို့အတွက် အားတက်အင်ရွဲ[၂] ကြံစည်ခြင်းလုံ့လများကို မလျော့ပါးနှင့် ကြိုးစား၍ အားထုတ်ကြံစည်ပါ။ ရှေ့ကို အညွန့်အတက် ခက်လက်စည်ကား ကြီးပွားမြင့်မြတ်ဖွယ် အလွန်မြင်ပါသည်။

"အဘယ်ကြောင့်ဆိုသော် အမျိုးအမည်အားဖြင့်လည်း အသည်ဝန်ကြီးတူ ထောက်ပံ့ချီးမြှင့်မည့် အမိုက်ကဲကလည်း တရားဌာနချုပ် ဝန်ကြီးသတိုးမဟာသီဟသူ။ 'နေမျိုးလေခပျံချီ' ဟူသော ဘွဲ့အမည်အရည်နှင့်တကွ အမှာတော်ရေးမင်းအဖြစ်သို့ ခန့်အပ်တော်မူထားခြင်းမှာလည်း အမိန့်တော်ပြန်၍ ခန့်တော်မူသောကြောင့် အတွင်းတော်သိလူ ဖြစ်သည်။ သို့အတွက်-

"ပညာရှိ သတိယွင်းကွက် မာနဖျက်။ မင်္ဂလာဓမ္မ နိဝါတ ရှိမှကျိုးဆက်တန်ခိုးထွက်။ အသေဝန လူဗာလ ပေါင်းကဆက်ဆက် စည်းစိမ်ပျက် ဟူ၍ ရှေးဆရာကြီးများ မိန့်စကားကို နားဝယ်ကြပ်ကြပ် တံဆိပ်ခတ်သို့

---

၁- မိတိမာ = တည်ကြည်ခြင်း ရှိသည်။ ပညာရှိသည်။ သမာဓိ ရှိသည်။

၂- အင်ရွဲ = ရွှင်လန်းနှစ်သက်။

mgyoe.com

mgyoe.com SAMPLE BOOK
မှတ်သားအမြဲ နှလုံးစွဲပါလေ။ ဦးမင်းတို့ပြောသည့်စကားသည် အမှာတော်ရေးမင်းကို တူရင်းသားရင်း ထင်မှတ်၍ ရှေ့အဖို့ကိုလည်း ကြီးပွားလတ္တံ့။ ယခုလည်း ပညာရန့် မွေးပျံ့သင်းကြိုင်ဆဲအခါဖြစ်၍ လွန်စွာဝမ်းမြောက်သောကြောင့် မေတ္တာပုဗ္ဗင်္ဂမနှင့် ပြောသောစကား ဖြစ်ပါသည်။" ဟုဆိုရာ၊

ပြင်စည်မြင်းမှူး မင်းရဲမင်းလှရွှေတောင်က ပြောသည်မှာ-

"ကျောက်ဆောက်မြင်းမှူးမင်း။ အမှာတော်ရေးမင်းကို အထူးချီးမွမ်းဖွယ်မရှိပါပြီ။ လွှတ်တော်ရုံးတော် ဗြဲတိုက်တော်မှစ၍ ပညာဂုဏ်ထူးကို သိကြပြီးဖြစ်ပါသည်။ သို့အတွက် ကျွန်တော်တို့သာ အတွင်းတော်နှင့် ဝေးကွာကြသောကြောင့် သတင်းလောက်သာ ကြားနေရပါသည်။ ယခုမှာ 'မခေါ်ပင့်ထွေရောက်လာချေ' ဆိုဘိသကဲ့သို့ အမှာတော်ရေးမင်းနှင့် ရေစက်ဆုံ၍ တွေ့ကြုံရသောအခါ ဖြစ်ကြပြီ။ ဤသို့ တွေ့ကြုံသည့်အခါတွင် ရှေ့သို့သွားလေရာရာ မြို့ရွာနိဂုံး ပဉ္စသမ္ဗတို့၌ စကားသြဘာ မင်္ဂလာအစ္စရိ ဖြစ်ဘိရန် ပြောကြားဖို့ အမှာတော်ရေးမင်းပညာများကို ထင်ရှား သိမြင်ရအောင် တစ်ခုလောက် အစီရင်ခံချင်ပါသည်။"ဟုဆိုရာ -

၎င်းအမှာတော်ရေး နေမျိုးလေခပျံ့ချီက ပြောသည်မှာ

"ဦးမင်းတို့ဆန္ဒရှိရာကိုသာ အမိန့်ရှိတော်မူကြပါ။ ကျွန်တော် စွမ်းဆောင်နိုင်သလောက်ဖြင့် ဖြေကြား အစီရင်ခံပါမည်။" ဟု ဆိုလေ၏။

ထိုအခါ ပြင်စည်မြင်းမှူးမင်းရဲမင်းလှရွှေတောင်က မေးသည်မှာ -

"ယခု ဦးမင်းကိုင်ထားသော ကြေးနက်ထုံးဘူးသည် 'အချိန်အတွယ်ဘယ်မျှရှိမည်နည်း။' ဟု အမှာတော်ရေးမင်း လက်နှင့် မကိုင်မဆဘဲ မိန့်စေချင်ပါသည်။" ဆိုရာ

၎င်း နေမျိုးလေခပျံ့ချီ ဘွဲ့ခံသော အမှာတော်ရေး မောင်နိုးသည် အင်္ဂဝိဇ္ဇာအခါချင့်မှု အနုမာန မျက်ရမ်းဆအရာ၌ လိမ္မာကျွမ်းကျင်သူတစ်ဦး ဖြစ်ရကားတောင်၊မြောက်ထောက်ထား နိမိတ်များကို ရှုစားချင့်မြော်၍ ဉာဏ်ပေါ်

mgyoe.com

mgyoe.com SAMPLE BOOK
စေခြင်းငှာ အထက်သို့ မော်၍ကြည့်လိုက်ရာ မိမိတို့နေထိုင်ဆဲ ဖြစ်သော ဗိုလ်တဲ၌ မိုးကာသည့် ဝါးကပ်တစ်ခုသည် တစ်တွဲလျား အဖျားထက်ပိုင်း ကျိုး၍နေသည်ကိုမြင်သဖြင့် ဤသို့ စဉ်းစားလေ၏။

'သက္ကရာဇ် ၈၀၃ ခုဖွား တောင်တွင်းကြီးမြို့ဇာတိ ပဝတ္တိရတနာပူရ-အင်းဝရွှေပြည် အမည်ကျော်ကြား အရှင်မဟာသီလဝံသဆရာတော်သည် အရှင်မဟာရဋ္ဌသာရအကျော် ဆရာတော်က ပညာ၏လမ်း ဘယ်မျှ စွမ်းသည်ဟု စုံစမ်းတော်မူစဉ်အခါ တစ်ပင်, နှစ်ပင်ကို တောင်းသော အရာဝယ်

တစ်ပင်, နှစ်ပင်–ပေါင်းသော် သုံးပင်။ 'သုံးပင်' ဟူက 'သင်ပုန်း' ဖြစ်သည်သာဟု ၄င်းအရ သင်ပုန်းကို ပေးလိုက်ခြင်း။

ထို့နောက် 'တကျောက်အိပ်ကို အလိုရှိပါသည်။'ဟု တောင်းရာ၌လည်း၊ 'တကျောက်အိပ်' ဟူက တစ်ကျိပ်အောက်။ တစ်ကျိပ်အောက်ဖြစ်လျှင် ကိုးယောက်။ ကိုးယောက်မှန်ကလည်း 'ကောက်ရိုးသာတည်း။' ဟု ၄င်း ကောက်ရိုးကို ပေးလိုက်ခြင်း စသည်ဖြင့် ဆင်ခြင်ယူဆတော်မူသော အရှင် မဟာသီလဝံသအကျော် ဆရာတော်၏ နယူပဒေသ, နယဂ္ဂါဟ, နိဿယာ စရိယ, လဒ္ဓမုဋ္ဌိ ရရှိသောငါသည် ယခု အထက်သို့ မော့်၍ကြည့်ရာတွင် ကပ်ကျိုးမြင်သဖြင့် ၄င်းကြေးနက်ထုံးဘူးကား ကိုးကျပ်ပင် ဖြစ်လတ် သတည်း။'ဟု နည်းယူရန်သာတကား။

ဤသို့ မနှောဆိုက်ဆိုက်သဘောပိုက်မိ၍ "၉ ကျပ်သား ရှိသည်။" ဟု တိုက်ရိုက်ဖြေလိုက်က ပြင်စည်းမြင်းမှူး မင်းရဲမင်းလှရွှေတောင်က မှန်ပါ ပေသည်ဟု လွန်စွာအံ့သြ ထောမနာပြီးလျှင် မိမိစားသုံးရန် ဝယ်၍လာသော ၄ထပ်ယွန်းထိုး ကွမ်းအစ်–၁, ၄င်း ၉ ကျပ်သားရှိသော ကြေးနက်ထုံးဘူး နှင့်တကွ "အမှာတော်ရေးမင်း၏ဉာဏ်ပညာကို ပူဇော်ပါ၏။" ဆို၍ ပေး လေ၏။

mgyoe.com

mgyoe.com SAMPLE BOOK
ငှင်းမှကြွင်းသော မြင်းမှူးအပေါင်းတို့ကလည်း အထိုက်အလျောက် ချီးမြှောက်ပေးကမ်းကြကုန်၏။

ထို့နောက် ဝါဆိုလဆန်း ၁၄ ရက် တနင်္ဂနွေနေ့ တိုင်ရောက်သောအခါ ပထမပြန်ဆိုသော ပဋ္ဌင်းလောင်းတို့ကို သာမဏေ ၃၂ပါးပြု၍ မဟာအသဒိသ အလှူတော်ကြီးပေးတော်မူရာ၊ ရွှေလွှတ်တော်အနီး အလှူမဏ္ဍပ်တော်ဦးထီးဖြူတော်ရုံကြီးတွင် များစွာသော ဝန်ကြီး,အတွင်းဝန်တို့သည် မိမိတို့ဆိုင်ရာ သင့်လျော်သောစကားဖြင့် ခင်းကျင်းပြောဆို၍နေကြရာ အတွင်းဝန်ကြီး မင်းကြီး မင်းခေါင်ကျော်, အရှေ့ဝင်းတော်မှူး နေမျိုးသူရ, ပုဏ္ဏားဝန်ကြီး ရာမကစ္စနာတို့က စကားအလျဉ်းသင့်သဖြင့် 'နေမျိုးလေခပျံချီ' ဘွဲ့အမည်ရှိသော အမှာတော်ရေးကိုခေါ်၍ လောကီ၏ တိတ်, နိမိတ်, ကိန်းခန်း, ဓာတ်ဆန်း, စုတ်ကြိုက် စသည်များမေးမြန်းရာ အဖြာဖြာသော သာသနာတော်ကျမ်း, လောကီကျမ်းတို့မှ ထုတ်နုတ်၍ ဖြေဆိုလျှောက်ထားသဖြင့် စကားအရာ အင်္ဂါ ၄ တန် မှန်ကန်ပြေပြစ် ကျစ်လျစ်ချောမောစွာရှိလှ၍ အလွန်ပင် သဘောနှစ်သက်ကြရကား၊

ပုဏ္ဏားဝန်ကြီး ရာမကစ္စနာနှင့် အတွင်းဝန်ကြီး မင်းကြီးမင်းကျော်တို့က တိုင်ပင်၍ အမှာတော်ရေး မောင်နိုး၏ပညာကို စုံစမ်းအံ့သောငှာ ''ဖြဲတိုက်* တော်ဆောင်၌ရှိသော ကြွက်ဖြူတစ်ကောင်ကို ယူချေ။'' ဟု အဆောင်ကိုင်တစ်ယောက်ကို တိတ်တဆိတ်စေလွှတ်လိုက်ရာ ငှင်းကြွက်ဖြူ ပါလာ၍ ကွမ်းအစ် ဖုံးအုပ်ထားပြီးလျှင် ဤသို့ မိန့်တော်မူကြ၏။

''အမှာတော်ရေး မောင်နိုး။ မောင်မင်းသည် ယခု ငါတို့ရှေ့တွင် မှောက်၍ ထားသော ကွမ်းအစ်အဖုံးအောက်၌ အဘယ်ပစ္စည်းမျိုး အဘယ်ဝတ္ထုမျိုး ရှိမည်နည်း။'' ဟုမေးရာ၊ ငှင်းအမှာတော်ရေးသည် ဤသို့ စဉ်းစား၏။

---

* ဖြဲတိုက် = လူပျိုတော်များသာ နေရသည့် တိုက်ခန်း။

mgyoe.com

mgyoe.com SAMPLE BOOK
'ငါသည် ယခုနံနက် ရွှေနန်းတော်သို့ဝင်လာရာ အတွင်းဝန်ကြီး ဦးပေါ်ဦး၏ဝင်းအနီးတွင် ဘေးမဲ့ဝက်မကြီး တစ်ကောင်သည် သားမွေးလျက် တွေ့ခဲ့သည်။ ထိုသို့တွေ့မြင်ခဲ့သော ဝက်ကိုတည်း နိမိတ်တစ်ခုပြု၍ လာသည်။ သို့အတွက် ၄င်းနိမိတ်ကို ထောက်လျှင် ဝက်နှင့်တူသော သတ္တဝါသည်ကား ဆင်နှင့် ကြွက်တို့သည်သာ စိုးစဉ်းအားဖြင့် တူချေသည်။ ၄င်းဆင်နှင့် ကြွက် ဖြစ်ပြန်မူကား ဆင်သည် ကြီးမြင့်သောကာယဗလ ရှိသဖြင့် ဤ၌ အရာမဟုတ်။ ကြွက်နှင့်သာလျှင် သင့်လျော်သော အရာ ဖြစ်သည်'ဟု ဆင်ခြင်မိသဖြင့် '၄င်း ကွမ်းအစ်ဖုံးအောက်၌ ကြွက်ရှိကြောင်း' ကို လျှောက်ထားသောအခါ၊ အတွင်းဝန်မင်းကြီးတို့က

''မောင်မင်း လျှောက်ထားသည့်အတိုင်း ကြွက် မှန်ချေပြီ။ ထိုကြွက် သည် ကောင်ရေ မည်မျှရှိမည်နည်း။''ဟု မေးပြန်ရာ-

'ဝက်ကိုတွေ့ခဲ့စဉ်အခါက သားငယ် ၂ ကောင်နှင့် သားအုပ်မကို တွေ့မြင် ခဲ့သည်ကို ထောက်ရလျှင် ၃ ကောင် ဖြစ်ဖွယ်ရာသတည်း။'ဟု စဉ်းစား ဆင်ခြင်မိပြန်သဖြင့်-

''၄င်းကြွက်သည် ၃ ကောင် ရှိပါသည်။'' ဟု လျှောက်ထားကာလ အတွင်းဝန်ကြီးနှင့် ပုဏ္ဏားဝန် ရာမကစ္စနာတို့က ပြုံးရယ်လျက် မိန့်တော်မူ ကြသည်မှာ -

''အနုမာ-မျက်ရမ်းဆ မှန်လှဆိုသူ တစ်ကောင်ယူလော့။''ဟုဆို၍ ကွမ်းအစ်ဖုံးကို ဖွင့်လိုက်ရာ၊ ယူလာခဲ့စဉ်အခါက လရက်စေ့ပြီးသော သန္ဓေပါရှိသော ကြွက်မဖြစ်ရကား ကွမ်းအစ်ဖုံးအောက်သို့ရောက်မှ သားငယ် ၂ ကောင် ဖွားမြင်ပြီးသည်နှင့် ၃ ကောင်ပင် အမှန်ဖြစ်နေသည်ကို တွေ့မြင် ကြသောအခါ လွန်စွာအံ့ဩ၍ အကျော်ဒွေးယျ ချီးပမကုန် ဗိုလ်ပုံသိမ့်ဩ ရှိကြသဖြင့် နန်းတွင်း၊နန်းပြင် ဘဝရှင်မင်းတရားကြီးဘုရား ရွှေနန်းတော် သို့ပင် ကြားသိတော်မူ၏။ ထိုအခါ အတွင်းဝန်မင်းကြီး မင်းခေါင်ကျော်နှင့်


mgyoe.com

mgyoe.com SAMPLE BOOK
ပုဏ္ဏားဝန်ကြီး ရာမကစွနာတို့က အထိုက်အလျောက် ဆုလာဘ်လည်း ပေးကြ၏။

"အမှာတော်ရေး မောင်နိုး။ မောင်မင်း၌ အကျိုးရှိ, တန်ခိုးရှိ ဖြစ်စေရန် အခွင့်ကို ငါတို့ရွှေနန်းတော်ကြား သံတော်ဦးတင်၍ အမိန့်တော် ခံပေးမည်။ မောင်မင်း ဝါစုဂ္ဂတ[၁] ပြုလုပ်လှေ့လာသော အရာကိုသာ အခါမလင့် ကြိုးစားပါ။" ဟူ၍ မိန့်တော်မူကြ၏။

တရံရောအခါ ၄င်းအမှာတော်ရေးမင်း မောင်နိုးသည် ရတနာပူရ ပြည်ရွှေဝ၏ ပစ္ဆိမဒိသာ နောက်မျက်နှာတွင် 'ငါးရာဖျား' အမည်ရှိသော ရပ်ကွက်၏အနီးသို့ နောက်လိုက်နောက်ပါ တပည့်စာချီများနှင့် လှည့်လည်၍ ရောက်ရာ ၄င်း ငါးရာဖျားအရပ်တွင်းမှ 'ဖော်တမော်' ဟူသော ကသည်းရှူး တစ်ယောက်သည် လက်ယာလက်မှာ ပျိုးစည်း, လက်ဝဲလက်မှာ ပြောင်းစည်း ၄င်း ၂ ခုကို ကိုင်ကာလာသည်ကိုမြင်သဖြင့် မိမိနှင့်ပါသော တပည့် စာချီတို့ကို လည်းကောင်း ငါးရာဖျားရွာသူကြီး စသောသူတို့ကို လည်း ကောင်း ကြားသိစေခြင်းအကျိုးငှာ နိမိတ်ဖတ် မိန့်သည်မှာ-

"ကျောင်းတကာလူကြီးမင်းတို့။ လောက၏အရာ လွန်စွာဆန်းကြယ် သော သဘောရှိ၏။ ဤသို့ ပညာနှိုင်းတွေး သိနိုင်ဝေးသော ခဲရာခက်ဆစ် များသည်ကို ထောက်၍ ဂန္ထန္တိရ်အကျော် ဆရာတော်တို့ ထုတ်ဖော်မိန့်ကြား သည်မှာ 'လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော'ဟူ၍ ဝစနတ်[၂] ပြုတော်မူကြ သည်။

"ယောဓမ္မသဘာဝေါ-အကြင်တရားသဘောသည်။ လုဇ္ဇတိ-ဖြစ်တတ် ၏။ ပလုဇ္ဇတိ-ပျက်တတ်၏။ ဣတိတသ္မာ-ထို့ကြောင့်။ သောဓမ္မသဘာ ဝေါ- ထိုတရားသဘောသည်။ လောကော- လောက မည်၏။' ဟုဆို သည်ကိုထောက်၍ လောက၏ဆန်းကြယ်ကြောင်းကို သိရာသည်။

---

၁- ဝါစုဂ္ဂတ = နှုတ်၌ ဆောင်သည်။

၂- ဝစနတ် (ဝစနတ္ထ) = စကား, သဒ္ဒါ, ပါဠိတော်၏အနက်။

mgyoe.com

mgyoe.com
SAMPLE BOOK

"ဤသို့ လောက ၃ ပါး၌ ဆန်းကြယ်သောအရာ ဟူသမျှကို တစ်စ မကျန် မဖောက်မပြန် အဟုတ်အမှန် ဧကန်ပင်လျှင် ဝေဖန်ပိုင်းခြား၍ သိတော်မူသော သတ္တိနိမိတ် ဂုဏ်ထူးဟိတ်ကြောင့် ဆောကိန္ဒာဓိပတိ, ပညိန္ဒ သာမိ, ကဝိ ဟူသမျှတို့၏ဦးသျှောင် တန်ဆောင်မှန်ကင်း ဖြစ်တော်မူသော၊ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏သရဖူ ဓမ္မဂူကို 'လောကံဝိဒတိ ဇာနာတီတိ လောကဝိဒူ' ဟု မိန့်ဆိုတော်မူသော အဋ္ဌကထာစကားကို ထောက်သဖြင့် အကြင်လောကသည် ဝိပရိဏာ မဓမ္မအလျောက် ဖောက်ဖောက်ပြန်ပြန်မရှိက ထိုလောကကို ဝေဖန်ပိုင်းခြား၍ သိတော်မူသော 'ဘုရား' ဟူ၍ဆိုနိုင်ရန် 'လောကဝိဒူ' ဟူသောပုဒ်ကို အဘယ်မှာ ရနိုင်ပါတော့အံ့နည်း။- ဟူသော စုဒ်ပုဒ်ရှိရကား စင်စစ် မုချအားဖြင့် လောကဆန်းပြားသည် ဟူ၍ပင် မှတ်ယူရမည်။ 'အဘယ်ကို ထောက်၍ သိရအံ့နည်း။' ဟူငြားအံ့။

"သက္ကရာဇ် ၁၁၁၅ ခု ရွှေတောင်တက်မြန်း ကျွန်းကြီးဇမ္ဗူ ပိုင်စိုးယူသော ရတနာသီခ မင်းထီးအာဒိကမ္မိက ကုန်းဘောင်သမ္မတ ပထမနေဝန်း ထွန်းတက်တော်မူသော ငါတို့၏သနင်း ခမည်းတော်အလောင်းဘုရားသည် တောက်ကြွားသမ္ဘာ ရင့်မာဘုန်းပန်း ပွင့်လုဘာန်းအခါ ပဲခူးဟံသာ ရာဇာဓိမင်း ပျက်ရန်ခင်းကို ပြခြင်းနိမိတ် ပေါ်ထွက်ဟိတ်ကား ကိလိဋ္ဌရော ယှက် စန်း,လင်္ဂ,ပြ,နိစ်,ကြိုပြုဟ်အိပ်,ပါပ ဗျာယ, ရာဟု စနေမှုကြောင့် ပြည်သူ့အလယ် ကြောက်ဖွယ်မခန်း ငါးလင်ပန်းလည်း ထူးဆန်းလောဘိ ငါးပိဘဝ ရောက်ပြီးမှပင် ခတ်ပြအွမြီး ဆတ်ဆတ်ဟီး၍ အံ့ချီးစကောင်း ဖြစ်တုံရှောင်း၏။ ၄င်းအရာ နိမိတ်လာကို ဟံသာစိုးခြင်း ပြည်သေဌ်နင်းဟု မင်းမင့်ရာဇာ သိသောခါလျှင် ပညာပဏ္ဍိတ် ပုရောဟိတ်တွင် အတိတ် ကျော်ကြား ရှေ့သွားနာဂတ် သိတတ်အကျော် မဟော်ထပ်မှု အံ့ဩဖွယ်လိ မန္တိနိနှင့် နှိုင်းညှိစစ်ဆေး ကောက်ယူတွေးလည်း အရေးမတွင် အေးမမြင်၍ မရွှင်စိတ်ဇော ရွှေမနောဝယ် ဝေသောပင်လယ် ကဲ့သို့နှယ်ကြောင့် လေးသွယ်


mgyoe.com

mgyoe.com SAMPLE BOOK

ဗေဒင် သုံးအင်ပိဋကတ် နှံ့စပ်မယွင်း တို့လက်တွင်း၌ အင်းဝရာဇာ မင်းမြန်မာတို့ ဖြစ်လာမြော်တွေး နိမိတ်ရေးကို မေးမှတော်မည် ကြံစိတ်ရည်ကြောင့် အတည်ကျကျ မေးလေကလျှင်၊

"ရတနာပူရ အာဒိစ္စနွယ်လာ မြန်မာတို့သေဌ်နင်း အင်းဝမင်းသည် အခင်းကုန်စင် မြင်မြင်သလောက် နိမိတ်ကောက်သည်မှာ-

"ဟံသာဝတီ ရွှေပြည်ကြီးရှင် ဘုရင်မိမိုင်း တိုင်းတိုင်းခွန်ဆက် လေးနက်သမ္ဘာ အာဏာလက်ရုံး ပြိုင်ဖက်နှုန်းက ရှုံးရစမြဲ တင့်ထူးကဲသည် အောင်ပွဲတကာ့အကျော် အကြည်တော်။ ချင့်မြော်စေငှာ နိမိတ်လာကား ငါးတွင်လည်း 'ငါးပိ' ဇာတိအမည် ခေါ်ပြန်သည်မှာ သညာထွေဆန်း ငါးလင်ပန်း 'ပန်း'မှာ မြန်မာ ဓာတ်ကောက်ပါက ခေမာကုလား ဂဗ္ဗေထား လော့။ အသွားဖြောင့်စွာ သိဖို့ရာကား 'မြန်မာ'ဟူသော အင်းဝပြည့်ရှင် ငါဘုရင်သည် ၄င်းငါးလင်ပန်း၏ ဦးခေါင်း သေသည်နှင့်တူစွာ ကြံရာမဲ့တုံ လက်ကုန်အားပန်း စန်းခမ်းသုညဖြစ်ပြီ။'ဟု ယူရမည်။

"ဤ သေပြီးသောငါးဦးခေါင်းသည် နောက်ထပ်တစ်ဖန် မရှင်ပြန်သော်လည်း မြီးဆံတောင်လက် ခတ်လျက်ရှင်လာ ကဲ့ပမာသို့သော မဟာထီဘုရင် သာကီဝင်နတ် စက္ကရာတ်တစ်ဆူ မနောဘူသည် ထွက်ပြူ ကျွန်းသိမ်း ပေါ်လတ်မည်။-ဟူ၍ ကောက်ယူရမည်။

"သည်ကိုထောက်လျှင် နောက်မကြာမီ မြန်မာဦးစွန်း ကျွန်းလုံးဥဩ့ဘောင် တန်ဆောင်နေမီး ဘုန်းကြီးရန်ငူ အကြည်တော်တို့၏ ဦးညွတ်ရာသောမင်း အင်းဆင်းဟသ်ာ ပျက်ပြုန်းပါအောင် ပစ်ခါကုန်စင် လာသုတ်သင်မည့် ရနရာဇာဟူသော မြန်မာမုဆိုးသည် တန်ခိုးတောက်ကြွား စားတော့လတ္တံ့၊ ဝါးလတ္တံ့သို့ စိုးဖြန့်အာဏာ ဖြစ်တော့မည်။

"သည်ကိုရည်၍ အတိရေးက ညွှန်ခဲ့ပြသည့် အင်းဝနိမိတ် သိုက်ဓာတ်ပဟိတ်ကား 'အင်းကိုဟသ်ာ ဆင်းလတ္တံ့။ ဟသ်ာမုဆိုး လေးနှင့် ခွင်းလတ္တံ့။'


mgyoe.com

mgyoe.com SAMPLE BOOK
ဟူ၍ လာချေသည်ဆိုသော သိုက်စာအတွက်ကို ငါတို့မြန်မာ ဟံသာဝတီပါ မင်းတရားကြီး မိန့်တော်မူလေ၏။

"ဤသို့ မိန့်တော်မူသည့်အတိုင်း နှစ်,လမဆိုင်း ရက်အပိုင်းတွင် မိုးအုံ့ မှိုင်း၍ ကာဂိုင်းတက်လာ သွက်သွက်ခါအောင် စက္ကဝါကျမ်း တျင်းတျင်း* မွမ်းမှု လမ်းပေါက်ပိတ်ယှက် ဓေဂ်သုတ်ဆို မြင်းမိုရ်သခင် ဒေဝရင်သည် သေနင်ပဇာ ဝရဇာနှင့် ဤသာနမူး ရန်ညွှန်ခူးသို့ ပျော်မြူးမထိတ် ကြောက် စိတ်မရှိ ပါဠုလိအရပ် သခွတ်ပင်မင်းသည် ပေါက်ရောက်အပ်သော ပဗ္ဗတ အခြေ ပုလဲငွေနှုန်း သဲမြေလုံးနှင့် ၃ ခုသော မြခနောက်အလယ်တွင် စံပယ်တော်မူသော အသူရာ,သိကြားတို့နှင့် စစ်ခင်း၍ကစားသကဲ့သို့ အလား ထပ်တူ တပ်ဗျူဟာဆင် စစ်အင်ကျင်းပ၍နိုင်သောကြောင့် လင်းလှသော ဘုန်းရောင်နှင့် ကုန်းဘောင်ရွှေပြည်ကြီးကို မင်းထီးအာဒိကမ္မိကပြု၍ တည် တော်မူဖူးသည်ကို ထောက်သဖြင့် လောက ဆန်းကြယ်ကြောင်း။ လောကဒ္ဓ ဖြစ်မှုပျက်ဟိတ် ပြအတိတ်နှင့် နိမိတ်,တဘောင်,စနည်း ဆောင်ခြင်းကိစ္စသည် ဒိဋ္ဌဓကန် မှန်ချေသည်။

"သို့ဖြစ်သောကြောင့် ယခု ကျောင်းဒကာလူကြီးမင်းတို့၏ နေရာ ငါးရာဖျားရပ်အတွင်းက ဤ 'ဇော်တမော်'ဟူသော ကသည်းရှူးသည် ကိုင်ဆွဲ၍လာသော ပြောင်းစည်း ပျိုးစည်း ၂ ခုကို ထောက်၍ နိမိတ်ကောက် ရလျှင် ပြောင်းသည် ကြာသပတေး, ပျိုးသည်လည်း ကြာသပတေး, မိုးသည်လည်း ကြာသပတေး ဖြစ်သောကြောင့် 'ငါးရက်သုံးလီ လွန်ပျို့အိ ရေနီဖျက်၍ ပြိုလတ္တံ့'ဟူ၍ ဆိုလိုရကား၊ ဤအရပ်မှပြောင်းလျှင် ပြောင်းကြ။ မပြောင်းလျှင် ယနေ့ကစ၍ရေသော် ၁၅ ရက်လွန်သောနေ့ ဧရာဝတီမြစ်ညာ တံကောင်း ကြာညှပ် စသောအရပ်တို့မှာ မိုးကြီးစွာရွာသောကြောင့် မြစ်ကမ်း လျှံမှု ရေနီကြီးလာသဖြင့် ၄င်း ငါးရာဖျားရွာသည် ပြိုပျက်ခြင်းသို့ ရောက် လတ်မည်။"ဟု နိမိတ်ဖတ်လေ၏။

* တျင်းတျင်း = အကုန်အစင်။
mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် နေမျိုးလေခပျံချီဘွဲ့မည်ရှိသော ၎င်းအမှာတော်ရေးမင်း မောင်နိုး နိမိတ်ကောက်ခဲ့သည်နှင့်အညီ ၁၅ ရက်အလွန် ၁၆ ရက်သို့ အဝင်တွင် အထက်မြစ်ညာ ရွှေလီ၊မဲဇာ၊ကသာ၊ထီးချိုင့်စသော အရပ်များ တွင် ကြီးစွာသောမိုးရွာ၍ မြစ်လုံးပြည့်လျှံ ပြင်းထန်ပွိုအိ ရေနီတင်းကျမ်း ရိုက်မွမ်း ထစ်ကြိုး တောင်ရိုးကမ်းပြတ်လာသဖြင့် ၎င်း ငါးရာဖျားရွာသည် ဧရာဝတီ မြစ်ထဲသို့ မျောပါခြင်းများ ဖြစ်လေ၏။ အချို့သောသူတို့ကား ၎င်းအမှာတော် ရေးမင်းစကားကို ယုံကြည်စွာနာယူကြသဖြင့် ချမ်းသာခွင့် ရကြကုန်၏။

ဤသို့ အမှာတော်ရေးမောင်နိုး၏ အတိတ်နိမိတ်ကောက်ယူ မှန်ကန်ခြင်းတို့ကို ဘဝရှင်မင်းတရားကြီးဘုရား ကြားသိတော်မူခြင်း အချက်ပေါင်းများရကား

"ထို အမှာတော်ရေးငယ်သည် ပညာရှိဟိတ် နိမိတ် တံခွန် ထင်ရှားရှိလေသည်။ သို့ဖြစ်သည်ကြောင့် ၎င်းအမှာတော်ရေး 'နေမျိုးလေခ ပျံချီ' ဟူသော ဘွဲ့အမည်အရည်မှပြောင်း၍ 'အယူတော်မင်္ဂလာ' ဟူသောဘွဲ့နှင့် ဆားတောင်မြို့စား ပေးစေ။ ငါ၏အပါးတော်သို့လည်း အခါမလင့် ခစား၍ အတိုင်ပင်ခံစေ။" ဟူသော အမိန့်တော်မြတ် မှတ်တော်မူ၍ သူကောင်းပြုတော်မူသည်။

အယူတော်မင်္ဂလာ၏ ဖြစ်စဉ်အတ္ထုပ္ပတ္တိကို
ပြဆိုရာ ပြဆိုကြောင်းဖြစ်သော စကားအရပ်ရပ် အပြီးသတ်တည်း။


mgyoe.com

mgyoe.com SAMPLE BOOK

## ငရဲကျမ်းကို ကြည့်ရှုဖတ်နာသူတို့ အထူးသတိပြုရန် အချက်ကား

ငါတို့ကဲ့သို့ နန်းတွင်းမကြီး နန်းမနီး၍ ထီးနှင့်ဝေးကွာ ဖြစ်ကြရှာကုန်သော သူခမျာတို့သည် ပညာသိမ်သေး ဉာဏ်မှေးမျက်စိ ရှိကြဘိသဖြင့် မြန်မာ့တိုင်းရင်း ဖြူဝင်းပစ္စုပ္ပန် ဖြန့်မိုးထူသော အမရပူရရွှေပြည်ကြီး၌ ရှေ့သိနောက်မြင် ပညာရှင်အများ ရှိလျက်သားနှင့် မင်းတရားနာရဖို့ ကွာပိန်တကာတို့၏အမူး တို့ရန်ငူးသည် အရူးနှင့်နေရဘိသကဲ့သို့ လည်းကောင်း။

ရှေးနှောင်းစကား ဝါကျသွားလည်း အမရပူရ ပထမနန်းစိုက် မကိုင်နှိုင်သျှောင်ပန်း နန်းနန်းတို့နတ် ဘူပါလတ်*ကိုလည်း ငှင်းပြည်မြတ် နောက်ထပ်တည်ပြု ဒုတိယဘုန်းခေါင် ကုန်းဘောင်မင်းတရားကြီးလက်ထက်တော် ဟူ၍ လည်းကောင်း၊ ကြခပ်ရွာဇာတိ အမိ မမင်းလှ-အဖ ဦးရွှေညိုတို့၏သား ဉာဏ်သွားမြင့်ကျယ် ငယ်မည်'မောင်နိုး'ကိုလည်း တန်ခိုးဂုဏ်သိမ်မြုမှုန်ခန့်မှု မရှိလှသော အတိဒုက္ခိတ သူရူး 'ဘိုးမြ' ဟူ၍လည်းကောင်း။

အမရပူရ ရာဇဌာနီ မင်းနေပြည်ကြီး၌ ဖြစ်ပေါ်လာသော 'အယူတော်မင်္ဂလာ'ဟူသော အမတ်ကိုလည်း 'ချမ်းအေးသာစည် ရွှေဘွဲ့ချီသော နေပြည်တော် ရတနာပူရ ရွှေအင်းဝ၌ ဖြစ်သည်။' ဟူ၍လည်းကောင်း။

---

* ဘူပါလ(ဘူပါလတ်) = ရေမြေ့ရှင်၊ ရှင်ဘုရင်။

mgyoe.com

mgyoe.com SAMPLE BOOK

ရွှေပြည်သနင်း မင်းဧကရာဇ်တို့မည်သည်ကား ကွမ်းခွက်,ကွမ်းလောင်း, ဟင်္သာကွမ်းအုပ်တော် စသည်တို့ကို မင်းသုံးမင်းဆောင်ရှိရကား 'ကွမ်းအစ်ဖုံးနှင့် ကြွက်ကို မှောက်သည်။' ဟူသော စကားမျိုးတို့သည် တောင်သူယာခုတ်သေးနုပ်သိမ်မွှား နွားရောင်းသော ရှမ်းအ ၃ မျိုးကဲ့သို့ အားလုံးပြက်ရယ်ထင်မှတ်ဖွယ် ဖြစ်သည်လည်း တစ်ကြောင်း။

ထုံးဘူးအချိန်အတွယ်ကို မေးမြန်းရာ၌လည်း အရှုးကိုတွေ့လို၍ စံနန်းတော်သစ် ဆောက်လုပ်၍ဝင်စေပြီးလျှင် ကပ်ကျိုးကို မြင်၍ 'ကိုးကျပ်' ဟု တင်ဟန် ပြောစမှတ်ပြုကြသည်မှာ ၄င်းအရှုးကို အကြောင်းပြု စံနန်းတော်သစ် ဆောက်ရသည်ဆိုရာ၌ ယုတ္တိ မတန်လွန်းသောစကား ဖြစ်သည်။ ရှေးယခင် ရှိပြီးသော စံနန်းတော် ဟူသည် ဘဝရှင်မင်းတရားကြီးတို့စံတော်မူသော နန်းဟူသမျှမှာပင် မျက်နှာကြက်, ကြာယပ်, ပန်းဇာသတ်လျက်ချည်း ဖြစ်ရကား 'ဝါးကပ်ကျိုးကို မြင်သည်။' ဟူသောစကားနှင့်ကွာဝေးလွန်းသော အရာဖြစ်သည်။ 'အရှုး' ဆိုရာ၌လည်း ၄င်း 'အရှုး' ဟူသောအက္ခရာကား 'ရကြီး', အယူတော်မင်္ဂလာကား 'ယပင့်' ဖြစ်၍ အက္ခရာခွဲထား ကွာခြား လှသဖြင့် 'အရှုး' မဟုတ်သော 'အယူတော်မင်္ဂလာအမတ်' ဟု ထင်ရှား သိစေအပ်ကြောင်း ဤကဲ့သို့ တိမ်းစောင်းယွင်းပါးမှောက်မှောက်မှားမှား အသိဉာဏ် အလွန်ရှားလှသော အပွသုတသမားတို့၏ နေမှား,ပြောမှား စကားကို နား၌မသွင်း အလျှင်းပယ်ရှား၍ ဤ 'ကဝိသာရမဉ္ဇူသာ' အမည်ရှိသော ကျမ်းလာစကားအမှန်ကိုသာ သေချာအင်ရွဲ စိတ်၌စွဲ၍ အမြဲ မှတ်ယူတော်မူကြကုန်။

ထိုမှတစ်ပါးလည်း ရတနာပူရ ရွှေပြည်အင်းဝတွင် ပုံးနှင့် ဆုံကို အရှုးဘိုးမြ ကိုင်လာပြီးလျှင် 'ပုန်းလျှင်ပုန်း မပုန်းလျှင် ဆုံး၍ကျော်ကြမည်။' ဟု ပြောဆိုသောစကားမှာ အယူတော်မင်္ဂလာနှင့် အနည်းငယ်မျှ မစပ်ဆိုင်သောစကား, မှားသောစကား ဖြစ်သည်။


mgyoe.com

 mgyoe.com SAMPLE BOOK 

စင်စစ်မူကား ရတနာပုံနေပြည်တော်ကြီး၏အရှေ့ ဆင်ရွာ မဲခင်းကုန်း အရပ်၌ 'ဗေထုံ'ဟူသော အရှူးမ ပြောသည့်စကား ဖြစ်သည်လည်းကောင်း၊ ဗေထုံ, ဆုံနှင့် ပုံးကို ကိုင်လာပြောဆိုပြီးသည်နောက် များမကြာမီ၊ ရွှေနန်းရိုး လမိုင်းဆိုင်ရာ အမှုထမ်းတို့ ဆင်ရွာ,မဲကုန်းရွာတို့ကို တစ်ညဉ့်ချင်းပင် လုယက် တိုက်ခိုက်သောကြောင့် ငါတို့ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက် ၄င်းရွှေနန်းရိုး လမိုင်းဝန် ရန်အောင်မြင် ဝန်ထောက်မင်းကြီး 'မဟာမင်းလှ မင်းခေါင်ရာဇာ'ဘွဲ့ခံ ဦးအို စီရင်အုပ်ကွပ်၍ ငြိမ်ဝပ်စွာရှိကြောင်းကို ငါတို့ ခမည်းတော် ထီးလှိုင်မြို့စား အကြီးတော်ချုပ် ဝန်ကြီးမိန့်၍ အမှန်စကားကို ကြားသိရသည်။

၄င်း အယူတော်မင်္ဂလာအတ္ထုပ္ပတ္တိကို သေချာစွာသိလိုလျှင် ပုရပိုက်အဖြူ မူတော်ဖြစ် နန်းစဉ်လက်သုံးတင်စဉ် စာတမ်းပြုလုပ်ထားသော ရွှေနန်းတော် ကြီး ပြော့ကြီးမှူး လက်ရေးနှင့်တကွသော 'ရာဇာလင်္ကာရမဥ္ဇူ' ဟူသော ပုရပိုက်ဖြူမူတော်တွင် ကြည့်ရှုတော်မူကြပါကုန်။

အထူးသတိပြုရန်အချက် ပြီး၏။


mgyoe.com

mgyoe.com SAMPLE BOOK

အယူတော်မင်္ဂလာ လျှောက်ထုံးဖြစ်သော

# ကဝိသာဋ္ဌုသာကျမ်း

နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁- မုဆိုး ဆတ်သား စားလတ္တံ့။

ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော သုနာပရန္တ တမ္ဗဒီပ, ကမ္ဘောဇ, ရာမည စသောတိုင်းတို့၏တည်ရာ ဇမ္ဗူဒိပ်မြေအပြင်ထက် ထီးဆောင်းမြို့စား စော်ဘွားအပေါင်းတို့ကို အစိုးရတော်မူသော အရိန္ဒမာ စကြာရွှေလှံ့ရတနာ ဆင်ဖြူများသခင် အာဒိစ္စဝံသ နေမင်း၏အဆက်အနွယ်ဖြစ်တော်မူသော မဟာသုဒဿနကြငှန်း နတ်မင်း နတ်တပဲကဲ့သို့သော အမရပူရရွှေပြည်ကြီးကို အစိုးရတော်မူသော ဘဝရှင်မင်းတရားကြီးဘုရားသည်-

သက္ကရာဇ် ၁၁၄၃ ခု တပို့တွဲလပြည့်ကျော် ၁၄ ရက် တနင်္လာနေ့တွင် ခမည်းတော်,နောင်တော်တို့ အရိုက်အရာတော်ဖြစ်သော ရွှေထီးရွှေနန်း တိုင်းကား နိုင်ငံတော်ကို သိမ်းမြန်းစိုးအုပ်တော်မူ၍ အရေးတော်ဆိုသမျှ ရှင်းလင်းကုန်တွင်လျှင်၊ ၁၁၄၄ ခု တန်ဆောင်မုန်းလဆန်း ၃ ရက် သောကြာ နေ့၌ ဆရာတော်,သံဃာတော်တို့ကို ပင့်၍ တိုင်ပင်တော်မူပြီးလျှင်၊ "ထီး ပေါင်းကားအရပ်မှာ မြို့သစ်ပြောင်းချီ တည်ထောင်တော်မူမည်။"ဟု ကြံ့ရည်တော်မူရင်း ရှိသည်ဖြစ်၍၊ ဝန်ကြီးဝန်ထောက်တို့ကို ၄င်းထီး ပေါင်းကားအရပ်တွင် မြို့ရာချင်းနင်းကြည့်ရှုခိုင်းစေသည်တွင်၊

mgyoe.com

mgyoe.com SAMPLE BOOK

တောင်သမန်အင်းကြီးမှသည် မြောက်တပြင်အရပ်ကို ရှေးအစဉ် 'ပတ်ပါ'ဟု ခေါ်ဝေါ်ကြကြောင်း။ မြေအပြင်လည်း စက်ပုံတောင်းကဲ့သို့ သာယာညီညွတ်ကြောင်း၊ ယင်းသည့်မြေအရပ် သည်လည်း ထီးပေါင်းကား ရှာနယ်နိမိတ် ဖြစ်ကြောင်းများကို အချင်း, အဝန်း, တောင်တာ, လက်သစ်များနှင့်တကွ ပုံစံရေးသား ဆက်သွင်းသည့်ကာလ၊

ဘဝရှင်မင်းတရားကြီး အမိန့်ရှိတော်မူသည်ကား "ဘုရားမြတ်စွာ ဒေသစာရီ လှည့်တော်မူသောအခါ 'ငတောင်သမန်, ငတောင်ကျဉ်း, ငတောင်ပြုန်း, ငတောင်မြင့်' ဟူသော ဘီလူး ၄ ဦးတို့သည် ဘုရားသခင်အား သားပွဲမ်းဆွမ်း လှူနှင့်သည်ကို 'နောင်သောအခါ ထိုဘီလူး ၄ ဦးတို့ စောင့်ထိန်းသည့် အရပ်တွင် မင်းနေပြည်ကြီးဖြစ်လတ္တံ့။'ဟု ဘုရားသခင် ဗျာဒိတ်တော် ထားခဲ့သည်။"-ဆိုသော စကားတစ်ရပ်။

"ဟံသာဝတီ ဆင်ဖြူရှင်မင်းတရား လက်ထက် ၄င်းထီးပေါင်းကား အရပ်တွင် မင်းနေပြည်ကြီး ဖြစ်လတ္တံ့'ဟု ရခိုင်ဆရာ အသက် ၈၀ ကျော်ရှယ် ဥဂ္ဂါစောကြီး လျှောက်သည်တွင်၊ ဟံသာဝတီ ဆင်ဖြူရှင်က 'ငါ၏လက်ထက်တော်တွင်ပင် ဖြစ်မည်လော'ဟု အမေးတော်ရှိသည်ကို ဘုရားလက်ထက်တော်မှ အနှစ် ၁၀၀ ကျော်ကာလ ပြောင်းကိန်း, တည်ကိန်း, ဖြစ်ကိန်း တွေ့ပါသည်ဟု လျှောက်သည်ကို 'နောင်သောအခါ သည်ကဲ့သို့ ဖြစ်ကိန်း ရှိသည်ဟု နောက်သားနောက်လာတို့ မသိမည် စိုးလှသည်။ သိထင်လောက်အောင် ပုံစံစာတမ်း ရေးသားထားရမည်။'ဟု အမိန့်တော်ရှိ၏။ 'တောင်သမန်, တောင်ကျဉ်း, တောင်ပြုန်း, တောင်မြင့်' ဟူသော တောင် ၄ မည် နေရာဌာနများနှင့်တကွ ပုံစံရေးသားစာတမ်းနှင့် ထားရသည်။" စကားတစ်ရပ်။

"ထိုသို့ ဆိုအပ်ခဲ့ပြီးသော စကားရပ်တို့တွင် ၄င်းနေရာဌာနများသည်လည်း ယခု ဘဒ္ဒကမ္ဘာတွင် 'ကကုသန်ဘုရားလက်ထက်တော် ပဌနာမုဏ္ဍိ,


mgyoe.com

mgyoe.com SAMPLE BOOK

ကောဏာဂုံဘုရားလက်ထက်တော် ဓမ္မပတ္တ, ကဿပဘုရားလက်ထက်တော် ဒေဝပတ္တိ, ဂေါတမဘုရားလက်ထက်တော် သိဃ်ပတ္တိ'ဟု ၄ ကြိမ်မြောက်သော အမည်တွင်သည်။''ဆိုသည့် စကားတစ်ရပ်။

''ထီးပေါင်းကားတောင် ညောင်ပင်ကြီးရင်း တပ်ရာနင်းသည်

ဆောင်းတွင်းနှင်းဝေဝေ နွေသို့လည်းရောက် နန်းသစ်ဆောက်သည်။

နှစ်ယောက်မင်းများနောင် တောင်သမန်, တောင်ကျဉ်း နန်းလည် ၆ ဆောင် ဆောက်လတ္တံ့။

ဘိုးတော်တောင်ပါး ပက်ပါ* နားကစ၍ မြို့ကြီး တည်လတ္တံ့။

ရခိုင်စိုးခြင်း အနောက်မင်းလည်း ရောက်လတ္တံ့။

တန်ခိုးကြီးစွာ စိန္တေယျာ မဟာမုနိ ရောက်လတ္တံ့။

မြို့တည်သေဌ်နင်း ထိုသည့်မင်းလည်း ရန်ကင်းသက်ရှည် ဖြစ်လတ္တံ့။

တရုတ်,ကုလား ၂ ပြည်သားလည်း ဝင်စားစက်စုံခိုလတ္တံ့။

ဆဒ္ဒံဆင်မွန် ဧရာဝဏ်လည်း မိုးစွန်သိကြားဆက်လတ္တံ့။

စကြာတွင်ခြင်း ထိုသည့်မင်းလည်း မြေးရင်းမြစ်ညွန့်ပွားလတ္တံ့.'ဟူ၍ ရှေးသိုက်စာဟောင်းများကိုလည်း ငါ ကြားတော်မူဖူးသည်။ ဘုရားဗျာဒိတ်ရှေးသူဟောင်းတို့ထားသော သိုက်စာများနှင့်လည်း တစ်ချက်တည်း ညီညွတ်သည်။ ယခု မြို့တော်တည်မည့် ထီးပေါင်းကား အရပ်သည်လည်း 'တောင်သမန်, တောင်ကျဉ်း, တောင်ပြုန်း, တောင်မြင့်'ဟူသော တောင် ၄ မည်လည်း ခြံရံသည်။

မြို့တော်လက်ယာ - တောင်သမန်အင်း, ဒုဋ္ဌဝတီမြစ်။ လက်ဝဲ-တက်သေးအင်း။ အရှေ့က-အောင်ပင်လယ်ကန်, ကျုံဝန်းဆည်။ အနောက် ဧရာဝတီမြစ်။ ခြံရံကုန်သော ထာဝရမြို့နန်းတည်ရာ မြေမြတ် မှန်သည်။'' ဟု အမိန့်တော်ရှိပြီးလျှင်၊ ဝန်ကြီး,အတွင်းဝန် အစုံအညီတို့နှင့် 'ထီးပေါင်းကားတောင် ညောင်ပင်ကြီးရင်း တပ်ရာနင်းသည် ဆောင်းတွင်းနှင်းဝေ'ဟူသော

* ပက်ပါ = ရင်ဆိုင်တည့်တည့် ဖြောင့်ဖြောင့်။

mgyoe.com

mgyoe.com SAMPLE BOOK
သိုက်ခတ်နိမိတ်နှင့်အညီ ထီးပေါင်းကားတောင် ညောင်ပင်ကြီးရင်းတွင် တိုင်ပင်စည်းကြပ်၍၊ ဗိသုကာလက်သမား ၁၀၀ ကျော်ပေးအပ်၍

သက္ကရာဇ် ၁၁၄၄ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် တနင်္လာနေ့ ညဥ့် ၁ ချက်တီးကျော် ၁ ဗီဇနာ ၁ ပြန် ၃ ခရာမေထုန်လဂ် မိဿစန်း တိထိ ၃ ခဋ္ဌီ ၃၇ လုံး ရေဝတီနက္ခတ် ၁ပါဒ်ရ ကောင်းမြတ်သောမင်္ဂလာ အခါတော်တွင် မြို့နန်းတည်ရာ မြေချာပလ္လင် ပြင်ဆင်ဖန်ဆင်းတော်မူ၍ သက္ကရာဇ် ၁၁၄၆ ခု နယုန်လဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့သို့အဝင် ညဥ့် ၃ ချက်တီးကျော် ၆ နာရီ ၂ ပါဒ် ၂ ဗီဇနာ ၄ ပြန် ၇ ခရာ ပြိဿလဂ် ဗြိစ္ဆာစန်းတွင် မုဒ္ဓါဘိသိက်ခံတော်မူ၍၊ ၎င်းလပြည့်ကျော် ၁ ရက် ကြာသပတေးနေ့ နံနက် ၄ ချက်တီးကျော် ၄ နာရီ ၃ ပါဒ် ၅ ဗီဇနာ ၅ ပြန် ၄ ခရာ သိဟ်လဂ်ဗြိစ္ဆာစန်းတွင် မဟာဥကင်သ ဖွင့်တော်မူ၍၊

'သိရိပဝရ ဝိဇယာနန္တယသ တြိဘာဝနာဒိတျာဓိပတိ ပဏ္ဍိတမဟာ ဓမ္မရာဇာဓိရာဇာ'ဟူသော တံဆိပ်နာမံတော်ကို ခံတော်မူသော အမရပူရ ပထမမြို့တည် နန်းတည် ဖြစ်တော်မူသော သာသနာ့ဒါယကာ မဟာဓမ္မရာဇ် မင်းတရားကြီးသည် သက္ကရာဇ် ၁၁၄၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက် စနေနေ့တွင် 'ဓညဝတီ ရခိုင်ပြည်ကြီးကို သိမ်းယူရမည်။'ဟု သားတော် မဟာဥပရာဇာကို ခန့်အပ်စေခိုင်းတော်မူသောကြောင့် တပ်ပေါင်း ၃၃ တပ်တွင် တိုက်ဆင် ၃၃၀၊ မြင်း ၃၃၀၀၊ စစ်သည်သူရဲ ၃ သောင်း ၃ ထောင်နှင့် ချီတော်မူသည်။

ဤသို့ သားတော်ကြီး မဟာဥပရာဇာသည် ဓညဝတီရခိုင်ပြည်သို့ ချီတော်မူ၍ တိုက်သိမ်းတော်မူစဉ်အခါ၊ ဘဝရှင်မင်းတရားကြီးသည် အရေးတော်ကို မြော်ထောက်မူ၍ သိတော်မူလိုသောကြောင့် ၁၁၄၅ ခု- ၆၄ ခု စစ်တမ်းစာရင်း သိမ်းဆက်သွင်းသော ဒီပဲယင်းမြို့စီရင်စု ကိုးသန်း နယ်အဝင်အပါ ကြခတ်ရွာလျှင် ဖွားရာဇာတိရှိသော အသည်ဝန်ကြီး မင်းကြီး


mgyoe.com

mgyoe.com SAMPLE BOOK

မဟာကျော်ထင်၏နှမ မမင်းလှ ဦးရွှေညိုတို့၏သား ငယ်မည် 'မောင်နိုး' အမည်ရှိသော အမှာရေးသူငယ်သည် မျိုးရိုးဆက်နွယ် မြင့်ကျယ်ကြီးပွားခြင်း ရှိရကား၊ မှတ်သားလေ့လာ ပညာဆည်းပူး အထူးမြော်တွေး သိနိုင်စေသော အရာဌာန ဟူသမျှတို့၌ ဟံသာဝတီပြည် ဆင်ဖြူရှင်မင်းတရားကြီး၏သား ဗညားနွဲ့မင်းသည် အခင်းပြုလုပ်၍ ဥက္ကလာပသို့ ထွက်တော်မူခဲ့ရာ၊ နောက်တော်က အမြဲပါသော စနည်းနာ၊ တဘောင်ရတို့ကို ယူဆဆင်ခြင်၍ တင်သောကြောင့် ထင်မြင်တိုင်းအရေးလှသော 'မဟာအမစ္စ[၁]ကျော်ထင် အမည်တွင်သည့် သခင်မင်းကံစီ[၂] အမည်ကဲ့သို့၊ လုံးစုံကုန်စင် သိမြင်ဖော်ထုတ် နိုင်ခြင်းတည်းဟူသော စွမ်းပကားသတ္တိ ပညာဉာဏ်ရှိလှသဖြင့် တိုင်း၏နိမိတ် ပြည်၏နိမိတ် တိတ်နှင့်စနည်း တဘောင်ကောက်ခြင်းခရီး တို့တွင် မြေပြင် လက်ဝါးတီးသောလားသို့ ဆိုငြားစေကန် အထိမှန်သော ကြောင့် စိတ်သန်ကြည်ဖြူ နှစ်သက်တော်မူသည်နှင့် ထိုသူ၏စကားလာကို အခါခပ်သိမ်း ငါ အယူရှိတော်မူသည်။ ယနေ့မှစ၍ အမိန့်တော်ရေး သူငယ်၏ အရာမှနုတ်၍ 'အယူတော်မင်္ဂလာ'ဟူသော ဘွဲ့အမည်အရည်နှင့် အယူတောင်မြို့ကို စားစေပြီးလျှင်၊ နေ့စဉ်မပြတ် ထက်ကြပ်မကွာ အပါးတော်မြဲ ခစားစေ။"ဟူ၍ အမိန့်မြွက်ဖြင့် ခန့်အပ်ပေးထား သနားတော်မူသော အယူတော်မင်္ဂလာကို မေးတော်မူသည်မှာ-

"အယူတော်မင်္ဂလာ။ ဘုန်းနှင့်လက်ရုံး၊ နှလုံးပညာ အာဏာဣဒ္ဓိ ကြီးဘိလောက်လွေ့[၃] ခြင်္သေ့ပမာ အာဇာနည်စစ် သားတော်ချစ်မဟာ ဥပရာဇာ ချီတော်မူသည့် အရေးတော်များမှာ ဓညဝတီ ရခိုင်ပြည်ကြီးကို ခရီးထင်တိုင်း ပေါက်ရောက်ပြီးစီးနိုင်ရန် ရှိ၊ မရှိကို သိတော်မူလိုသည်။ ဤသို့ သိနိုင်ဖွယ်အခင်း သီချင်းတဘောင် တိတ်ဆောင်၊စနည်း စသည်ဖြင့် ကြားသိယူဆရသော ပေါရာဏထုံးတမ်း သိလမ်းရှိသည်နှင့်အညီ သိတော်မူ

၁- အမစ္စ = အမတ်။
၂- ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၌ ရာဇာဓိရာဇ်၏လူယုံအမတ်။
၃- လောက်လွေ့ = ပြည့်စုံသည်၊ လုံလောက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK
ရလိမ့်မည်။-ဟု ငါ သဘောတော်ရသည်။ သို့အတွက် မောင်မင်းသည် တဘောင် စနည်းနာ၍ ငါ့အား တင်လျှောက်ရမည်။''ဟု မိန့်တော်မူ၏။

ဤသို့မိန့်တော်မူသောအခါ အပယူတော်မင်္ဂလာက လျှောက်တင်သည်မှာ ''ဘုန်းနှင့်သမ္ဘာ အာဏာလက်ရုံး ပြိုင်ဖက်နှုန်းသော ပတ်ကုံးဗိုလ်ခြေ ပျက်ပြုန်းကြွေ၍ ညက်ကြေမြူမှု လွင့်ပျောက်ပသည့် ဇေရာဇဉ် ကျွန့်သခင်။ လေးအင်ဖျူပြာ ခင်းကျင်းကာဖြင့် မဟာဥပရာဇ် ရင်နှစ် ဘုန်းပော့ ရဲခြင်္သေ့၏ တံဆိပ်နာမံတော်သည် 'သိရိမဟာ ဓမ္မာဘိဇယ သီဟသူရ ဟူသော ရွှေလိပ်အက္ခရာ ရှိတော်မူရကား မြတ်သောအသရေကို ဆောင်တော်မူ၍ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်တော်မူသော မင်းသည် တရားသဖြင့် လက်ရုံးရည်မွှန် ဘုန်းဝှန်အာဏာ ပြတော်မူကာမျှဖြင့် လည်းကောင်း၊ ခပ်သိမ်းသော ကမ္ဘာကမ္ဘ ဟူသမျှတို့၌ တစ်ခဏချင်း အလွန်အမင်းအောင်တော်မူ လတ္တံ့ဟူ သော ရွှေလိပ်ပညတ် တံဆိပ်နာမံတော် ခတ်နှိပ်လျက်ရှိတော် မူသည်ကို ထောက်သဖြင့်လည်းကောင်း ယခုချီတော်မူသည့် ဧညဝတီ အရေးနှယ်ကို စိုးနှောင့်တော်မူဖွယ် မရှိပါ။

''ထိုမှတစ်ပါးလည်း ဘုရား ရွှေဘုန်းတော်ကျွန်သည် ယခုရွှေနန်းတော် သို့လာ အရှေ့မျက်နှာ အလယ်ဦး ဓာတ်တံခါးသို့ ဝင်မိလျှင်ပင် အသက် အရွယ် ၁၀ နှစ်ခန့်ရှိသော သူငယ် တစ်ယောက်သည် ဝမ်းမြောက်ဝမ်းသာ ကြည်ရွှင်စွာပျော်မြူးလျက် ကျူးသီ၍သွားသော စနည်းကို ကြားသိခဲ့ရ သည်မှာ-

''ကေတုမတီ ညာချီရင်းသား လွန်ကြီးပွားသည် ဘုရားကိုယ်တိုင်ကြွ လတ္တံ့၊ မုဆိုး ဆတ်သား စားလတ္တံ့။' ဟူ၍ စနည်း ရခဲ့ပါသည်။''ဟု သံတော်ဦး တင်လေ၏။

ထိုအခါ ဘဝရှင် မင်းတရားကြီးဘုရားက မိန့်တော်မူသည်မှာ ''အပယူတော်မင်္ဂလာ။ မောင်မင်းယခု ကြားသိမှတ်ယူခဲ့သော စနည်း အရ


mgyoe.com

mgyoe.com SAMPLE BOOK
ကောက်၍တင်လျှောက်ဦးလော့။"ဟု မိန့်တော်မူပြန်သဖြင့်၊ အယူတော်မင်္ဂလာက စနည်း၏အထွက်ကို အချက်ကျယူဆ၍ အရကောက်ခါ တင်လျှောက်သည်မှာ–

"ထီးမျှားသရဖူ မနောဘူပဟု ရာဆူဆူမင်း တုတ်ခွန်သွင်းသည် မှန်ကင်း စက္ကရတ် ကျွန်းလုံးနတ်။ မှတ်တော်မူစေဌာ ရွှေနားနာရှင့် မဟာရာဇိန္ဒ ဘူပါလဟု သမ္မတနေမျိုး နရစိုး၏ တန်ခိုးထင်ရှား ကိုယ်ပွားတော်စစ် ရင်တော်နှစ်ဖြစ်တော်မူသော မဟာဥပရာဇ်မင်းတရား၏ အမည်တော်သည် ကား ရွှေတောင်မြို့ကို ပေးတော်မူသော်လည်း 'ရွှေတောင်မင်း' ဟု မတွင်။ 'တောင်ငူမင်း'ဟု တွင်ပါသည်။ ၄င်းတောင်ငူမြို့၏အမည်ရင်းလည်း 'ကေတုမတီ'ဟု ခေါ်ပါသည်။

"'ညာချီရင်သား'ဟူသည်ကား ဘဝရှင်မင်းတရားဘုရား၏ လက်ယာ ရင်သားနှင့် တူတော်မူသော သားတော်ကြီး မဟာဥပရာဇ်ကို ဆိုလိုပါသည်။

"'လွန်ကြီးပွားသည်။' ဆိုသည်မှာ ၄င်း သားတော်ချစ်ရတနာ မဟာ ဥပရာဇ်၏ ဘုန်းကံသမ္ဘာ အာဏာလက်ရုံး နှလုံးရည်မွန် စစ်တံခွန်သည် လည်း သောင်းလေရပ်ပျံ့ အန့်ကျော်ကြား မဒ္ဒဝပြည်ကို အစိုးရသော ကာလ နဂါးမင်းအား အဝိညာဏကဝတ္ထုဖြစ်သော ရွှေခြေချင်းကိုစေလွှတ်၍၊ ၄င်းရွှေ ခြေချင်းဖြင့် ခတ်၍ မိမိရှိရာအရပ်သို့ ခေါ်ဆောင်နိုင်သော ဘားလောင်းတော် သိရိဓမ္မာသောကမင်းကဲ့သို့သော အာဏာစက္ကဝတ္တိရာဇာ ဖြစ်သည်။' ဟု ဆိုပါသည်။

"ဘုရားကိုယ်တိုင် ကြွလတ္တံ့။'ဆိုသည်မှာ ဘဝရှင်မင်းတရားကြီး ဘုရားနှင့် သားတော်ကြီး မဟာဥပရာဇ်သည် သာသနာ့ဒါယကာ မဟာ ဓမ္မရာဇ် ဖြစ်တော်မူသောကြောင့် အမိတ*ဂုဏ် ဖက်မဲ့ကြုံသော ၃ ဘုံလုံး ဥက္ကဋ္ဌ ဝိသုဒ္ဓိနတ်ကိုယ်တော်ပွား သရီရဓမ္မတော်ရှင်များ သော်လည်းကောင်း၊ နိမ္မိတ ကိုယ်တော်စား ရုပ်ပွားဆင်းတုတော်များ သော်လည်းကောင်း

* အမိတ = မနှိုင်းယှဉ်အပ်သည်။ အတိုင်းမသိသည်။

mgyoe.com

mgyoe.com SAMPLE BOOK
'သားတော်ကြီး မဟာဥပရာဇ် ပင့်ဆောင်ရာသို့ ကြွလာတော်မူလတ်မည်။' ဆိုပါသည်။

"'မုဆိုး ဆတ်သား စားလတ္တံ့။' ဆိုသည်မှာ ဘဝသခင် အရှင်မင်း တရားကြီး ဘုရားအဆက်တော်သည် မုဆိုးဆက် ဖြစ်ပါသည်။ ယခု စစ်တံခွန် ဖြန့်တော်မူသော မဟာဥပရာဇ်ကိုပင် မုဆိုး ဆိုပါသည်။' ချီတော်မူသော ဓညဝတီ ရခိုင်ပြည်ဆိုသည်မှာ ပြည်တည်မင်းကား ဆတ်မျိုးမင်း ဖြစ်ပါသည်။ ၎င်း ဆတ်မျိုးမင်းတို့ကို လွယ်လင့်တကူ ဗျူဟာမပန်း ကိုယ်မနွမ်းဘဲ ဘုန်းစွမ်းတောက်ပ အာဏာပြရုံနှင့် ဓေယ မင်္ဂလာ ကြီးစွာအောင်ခြင်း ဖြစ်မည်ကိုရည်၍ 'မုဆိုး ဆတ်သား စားလတ္တံ့။' ဆိုပါကြောင်း' ရွှေဖဝါးတော် မြတ်အောက် ရှိခိုး သံတော်ဦးတင်ပါသည် ဘုရား။" ဟူ၍ တင်လျှောက်လေသော်၊ ဘဝရှင်မင်းတရားကြီးက မိန့်တော် မူသည်မှာ -

"အယူတော်မင်္ဂလာ။ မောင်မင်း ရခဲ့သော စနည်းကို အချက်ကျကျ ကောက်ယူဆသော် ဝါကျဒဋ္ဌိ ဖြစ်မည် ဧကန် အမှန်ပင်ဟု ငါ သဘောရ တော်မူသည်။ သို့သော် ယခု မောင်မင်း တင်လျှောက်သောစကား၌ ဓည ဝတီ ပြည်တည်မင်းဆက်သည် ဆတ်မျိုး မင်းဆက်ဟု ဆိုသောအကြောင်းကို ရာဇဝံသ ဇာတိပဘဝ ရင်းမူလမှစ၍ ဖြစ်ဟန်အာဒိကံကို ပြန်လှန်မြွက်ကြား တင်လျှောက်ထားလော။" ဟူ၍ မိန့်တော်မူပြန်၏။

ထိုအခါ အယူတော်မင်္ဂလာက တင်လျှောက်သည်မှာ -

"ရွှေမှောက်သနင်း မင်းများထွတ်ထား တို့ဘုရားသည် ရွှေနား နာတော်မူရှင့်။ အကြင် ဝိဟိတ်တိုင်းဖြစ်သော ဓညဝတီ ရခိုင်ပြည်ကြီး၏ အကြောင်းကား ကစ္ဆပနဒီမြစ် အရှေ့ဘက် ၉၉ မြို့၊ အနောက်ဘက် ၉၉ မြို့များမှာ ဘုရား ပွင့်တော်မမူမီ ဝေသာလီမြို့တွင် သရာဘန္တမင်းကသည် သားမြေးမြစ်မင်း ၁၆ ဆက်အဆုံးတွင် မင်းနှင့်တကွ ပြည်သူပြည်သားတို့ကို


mgyoe.com

mgyoe.com SAMPLE BOOK

ဘီလူးစား၍ ကြွင်းသမျှသော ပြည်သူပြည်သား၊ မင်းမိဖုရားနှင့် မင်းသမီး ရစ်တမာလာသာ ကျန်ပါသည်။

"ဘီလူးစားကြောင်းကား ကစ္ဆပနဒီမြစ်ညာမှာ မျောက်ဖိုနှင့်ဆတ်မတို့ သင့်မြတ်ရာ ပဋိသန္ဓေအရင့်အမာနှင့် ရေကြီး၍ ကစ္ဆပနဒီမြစ်တွင် ဆတ်မ မျောလာပါသည်။ သေလာဂိရိ ကျောက်တောင်ခြေရင်း၌တင်ရာ ဆတ်မတွင် လူတစ်ချို့ ဘီလူးတစ်ချို့ ဖွားပါသည်။ လူမှာ လူဘောင်သို့ ပါဝင်သည်။

"ဘီလူးဆေဒ္ဒန်မှာ တောင်တစ်ခုကနေ၍ ဆင်ယောင်ဆောင်ပြီးလျှင် တောသွားတောလာတို့ကို ဖမ်းယူစားသောက်၍ နေပါသည်။

"ငှင်းညီ ပက္ခတိမှာ မြစ်ကကူးတို့ပို့သော ယောကျ်ားအသွင်ဆောင်၍ ကူးတို့စီးသောလူတို့ကို ဖမ်းယူစားသောက်နေပါသည်။

"ညီ ငရက္ခိုင်မှာ တောင်တစ်ခုကနေ၍ အထွက်အဝင် လူတို့ကို ဖမ်းယူစားသောက် နေပါသည်။

"ညီ ငရာပုမှာ တောင်တစ်ခုက လူအဟန် ဖန်ဆင်း၍ပြပြီးလျှင် လာသမျှတို့ကို ဖမ်းယူစားသောက် နေပါသည်။

"ညီ ငပိသီငလက္ကုပ်တို့မှာ တောင်တစ်ခုကနေ၍ တောသွားတောလာ လူ၊ ငှက်၊ တိရစ္ဆာန်တို့ကို ဖမ်းယူစားသောက်၍နေပါသည်။

"နှမ ယက္ခဏီမှာ ရေကန်တစ်ခုကနေ၍ ရေချိုး၊ ရေခပ်တို့ကို ဖမ်းယူ စားသောက်နေပါသည်။

"မြို့နေလူတို့လည်း မြို့တွင်းမှ မြို့ပြင်သို့ မထွက်ဝံ့ရှိကြပါသောကြောင့် ငှင်းဘီလူးတို့သည် မြို့တွင်းသို့ ဝင်၍ ဖမ်းယူစားသောက်ပြန်သဖြင့် မိဖုရား နှင့် မင်းသမီးရစ်တမာလာသာ ကျန်ရှိရပြန်သည်။ ထိုအခါ ကပိလဝတ်ပြည် ကြီးကို အစိုးရတော်မူသော အဗ္ဘိရာဇာမင်းကြီးသည် တိုင်းပြည်ကို သားတော် ဓမ္မသေနသို့ အပ်၍ တောထွက်တော်မူပြီးလျှင် ကစ္ဆပနဒီမြစ်ညာ ပညောင် ပင်ကြီးရင်း၌ ရသေ့ပြု၍ နေတော်မူပါသည်။ အကျင့်သီလ အာစာရရှိတော်



mgyoe.com

mgyoe.com SAMPLE BOOK
မှုရကား သီလ၏တန်ခိုးကြောင့် ပဒေါင်စောင့်ရက္ခစိုးသည် မျောက်ယောင်ဆောင်၍ နယ်ပယ်ရှိမျောက်အပေါင်းတို့ကို နှိုးဆော်လျှင် မျောက်အများတို့သည် သစ်သီးဝလံစသည်ဖြင့် ဆွတ်ယူလုပ်ကျွေးကြပါသည်။ ၎င်းရက္ခစိုးသည် နောက်ထပ်တစ်ဖန် ဆတ်ယောင်ဆောင်၍ ဆတ်အပေါင်းတို့ကို နှိုးဆော်ပြန်လျှင် ဆတ်အများလည်း လုပ်ကျွေးခြင်းအမှုကို ပြုကြပြန်ပါသည်။ ထိုအခါ အဇ္ဈတ္တရသေ့၏ လွန်ခဲ့သောဘဝက မယားဟောင်းဖြစ်ခဲ့ဖူးသော ဆတ်မတစ်ခုသည် ပါလာ၍ ရှေးရေစက် နီးကြသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး မေတ္တာနှောင်ပူး ချစ်ရည်မြှုးကြသဖြင့် လွန်ကြူးမေထုန် သံဝါသဆက် အိမ်ထောင်ဖက်ပြုကြပြန်ရာ တစ်နေ့သောအခါ ရင့်မာသော ပဋိသန္ဓေနှင့် လေကြီးမိုးကြီးလာသောကြောင့် ကစ္ဆပနဒီမြစ်သို့ မျောပါသည်။

"ထိုသို့ ရေကြောမျောသည့်အခိုက် တောကြိမ်ပိုက်*တွင် အလိုက်သင့် တင်သဖြင့် ရက်စဉ်နေ့လ အချိန်ကျက ကမ္ဘဇလေလှုပ်ရှား၍ ထိုဆတ်မသည် လူသားကို ဖွားပါသည်။ ၎င်းဖွားသော သားငယ်၏ကိုယ်ရောင်သည်လည်း အရပ်ထက်ဝန်းကျင် ၇ တောင်ခန့် မီးအလျှံကဲ့သို့ ဝင်းပါသည်။

"တစ်ရံရောအခါ မုဆိုးသင်ကြီးအောင် တောလှည့်လာရာ ခွေးတွေ့၍ ဟောင်လျှင်၊ သင်ကြီးအောင်မြင်၍၊ ထိုသူငယ်ကို ကောင်းမွန်စွာယူဆောင်သွား၍ မြို့သို့ရောက်လေလျှင် မြို့နေလူမျိုးအပေါင်းတို့က ချီးမြှင့်ကိုးကွယ်ကြပါသည်။

"နောက် အချိန်အရွယ်သင့်ကာလ သင်ကြီးအောင်သမီးနှင့် ထိမ်းမြား၍ မင်းမြှောက်ကြပါသည်။ ထိုမင်းကား ဘုန်းပညာကြီးသော မင်း ဖြစ်သောကြောင့် သိကြားပေးသော လက်နက် ၅ ပါး ရပါသည်။ ဝေသာလီမြို့မှာ ငဆဒ္ဒန်, ငရက္ခိုင်တို့ကို သတ်၍ မင်းပြုသောကြောင့် 'ရက္ခိုင်ပြည်မင်း'ဟု အစတွင်ပါသည်။ ၎င်းဝေသာလီမြို့မှာလည်း မင်းဆွေမင်းမျိုးကိုရှာလျှင် မိဖုရားနှင့် သမီးတော် ရစိတမာလာကိုပင် မိဖုရားမြှောက်၍ ဘိသိက်ပန်းဆင်တော်မူပါသည်။

---

* ကြိမ်ပိုက် = ထူထပ်ရှုပ်ထွေးနေသည့် ဆူးရှိသော ကြိမ်မျိုး။

mgyoe.com

"ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဝေသာလီပြည် ဘီလူးဖျက်ဆီးသည် ဖြစ်၍၊ ဓညဝတီမြို့ကို ဆတ်မသား 'မာယာရု'မင်း အစတည်၍၊ မင်းပြု ကြောင်းကို မဟာဝိဟိက်တိုင်းဘွဲ့ ရာဇဝင်တော်ကြီး ရာဇာလင်္ကာရဒီက ကျမ်းတို့၌ လာသည်ကို ထောက်၍ သိတော်မူပါဘုရား။"ဟူ၍၊ သံတော်ဦး တင် လျှောက်ဆဲ ခဏတွင်ပင် သက္ကရာဇ် ၁၁၄၅ ခု ပြာသိုလပြည့်ကျော် ၈ရက် တနင်္ဂနွေနေ့နံနက် နေတက်မင်္ဂလာ ၁ ချက်တီးကျော် အခါတွင် ရခိုင် တစ်မြို့လုံးကို အလိုတော်ပြည့် သိမ်းယူတော်မူ၍ ထီး,စည်,မှန်ကင်း များကို ချလှဲချီးဖောက် သိမ်းပယူတော်မူမိကြောင်းနှင့်၊

"စန္ဒသူရိယမင်း တောင်းပန်ခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရား ကိုယ်တော်တိုင် ရွှေရင်ငွေ့ဖြင့် ပွေ့ကာဖန်ဆင်းတော်မူခဲ့သော မဟာမုနိရုပ်ရှင် တော်ပွား ကိုယ်တော်စားကို နေပြည်တော်သို့ ပင့်ယူရန် အသင့်စီမံလျက် ရှိနေကြောင်းများကို သားတော်ကြီး ဥပရာဇာထံက ခမည်းတော်ဘုရား ခြေတော်ရင်းသို့ 'ရွှေတောင် သိခ်ကျော်ထင်'ကို အလျှောက်အထား စေလွှတ်တော်မူသော သံတော်ဦးတင်လွှာသည် ဆိုက်ရောက်လာသည်နှင့်၊

သံတော်ဆင့်ကြီး မင်းလှသိရိသင်္ခယာ ဖတ်လျှောက်လျှင်၊ ဘဝရှင်မင်း တရားကြီးသည် အားရဝမ်းသာတော်မူသဖြင့် မိန့်တော်မူသည်ကား-

"အယူတော်မင်္ဂလာ။ မောင်မင်းရခဲ့သော စနည်းကို ကောက်ယူ၍ ပြီးသည်နှင့် တစ်ပြိုင်နက် ဓညဝတီရခိုင်ပြည်ကြီးကို အောင်မြင်တော်မူ၍ ဂေါတမဘုရား ညီတော်ဖွားဖြစ်တော်မူသော ရွှေကိုယ်တော်စား မဟာမုနိ ရုပ်ရှင်တော်သည် ကြွလာတော်မူလိမ့်မည်ဟု သံတော်ဦးတင်လွှာ ရောက် လာပြီ။ မောင်မင်းကောက်ချက် စနည်းထွက်သည် မြေလက်ဝါးခတ် ဖြစ် ပေသည်။"ဟု ချီးမွမ်းတော်မူပြီးလျှင်၊ ငွေကောင်း ၃ ပိဿာနှင့် ခါသာ ၂ အုပ် သနားတော်မူလိုက်၏။ ။

**ဓညဝတီပြည်သို့ သားတော်ကြီး မဟာဥပရာဇာ တိုက်သိမ်းတော်မူစဉ်အခါ ပေါ်လာသော စနည်းအထွက်ကို ကောက်ယူချက် ပြီး၏။**



mgyoe.com